# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်နေ့ | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ်(၂၇၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



**မိုးများသဖြင့် မန်းရွှေစက်တော် ဘုရားရင်ပြင်တော် ဒုတိယအကြိမ် ချောင်းရေ ဖြတ်ကျော်စီးဆင်း**


ပြည်တွင်းသတင်း စာ ၁၂


**ကျင့်ဝတ်သိက္ခာ ဆွေးမြည့်နေသူတွေ**


ဆောင်းပါး စာ ၆


**တစ်နိုင်တစ်ပိုင် မွေးမြူရေး သမဝါယမစနစ်ဖြင့် တစ်ဖက်တစ်လမ်းမှ ထောက်ကူပေး**


သတင်းဆောင်းပါး စာ ၁၀


**ဟားမားစ်တို့နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ၈၀ မှ ၉၀ ရာခိုင်နှုန်းအထိ ရရှိထားပြီဟု အစ္စရေးအရာရှိပြောကြား**


နိုင်ငံတကာသတင်း စာ ၁၄


# ငဖဲမြို့နယ်၌ ဆီထွက်သီးနှံ မိုးနှမ်းစိုက်ဧကပေါင်း ၁၂၈၉၁ ဧကအထိ တိုးချဲ့စိုက်ပျိုး

ငဖဲ ဇူလိုင် ၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် မန်းချောင်းရေလှောင်တမံဆည်၊ ရင်းရှည်ဆည်နှင့် ဆည်ငယ်ကန်ငယ်တို့မှ ပို့လွှတ်သောရေတို့ဖြင့် ဒေသတွင်း စားသုံးဆီဖူလုံစေရေးအတွက် မိုးသီးနှံနှမ်း ၁၂၃၉၃ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ယနေ့အထိ ၁၂၈၉၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်၍ လျာထားချက်ထက် ၄၉၈ ဧက ပိုမိုကျော်လွန် စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ငဖဲမြို့နယ်အတွင်း ၂၀၂၅ ခုနှစ်တွင် မိုးသီးနှံများအဖြစ် စပါး၊ မြေပဲ၊ နေကြာ၊ ပဲစင်းငုံ၊ပဲတီစိမ်း၊ ငရုတ်စို၊ ဖူးစားပြောင်းနှင့် နှမ်းများကို အများဆုံးစိုက်ပျိုးကြရာ လယ်မြေများတွင် မိုးစပါးစိုက်ပျိုးမှု ကုန်ကျစရိတ်ထက် မိုးနှမ်းစိုက်ပျိုးမှု ကုန်ကျစရိတ်ပိုမိုသက်သာပြီး နှမ်းဈေးကောင်းရရှိသောကြောင့် တစ်နှစ်လျှင် နှမ်းကို နှစ်သီးစိုက်ပျိုးကြကြောင်း၊ ယခင်နှစ်က မိုးနှမ်း ၁၂၃၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကအထွက်နှုန်း ၈ ဒသမ ၇၆ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးရာသီ နှမ်းသီးနှံကို ကျေးရွာအုပ်စုများတွင် စမုန်နက် နှမ်းမျိုး ၄၆၄၂ ဧက၊ ဆင်းရတနာ-(၃) ၃၂၂၉ ဧက၊ သိပ္ပံနှမ်းနက် ဧက ၂၅၆၀၊


*စာမျက်နှာ ၄ ကော်လံ ၅* ❑




ငဖဲမြို့နယ်၌ ဆီထွက်သီးနှံ မိုးနှမ်းစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို တွေ့ရစဉ်။

# နှစ်စဉ်ကြိုတင်ပြင်ဆင်ထားကြရမည့် ရေကြီးရေလျှံဘေးအန္တရာယ်

နိုင်ငံတကာသတင်းစာမျက်နှာများတွင် ရာသီဥတုဖောက်ပြန်ဆိုးရွားမှုသတင်းများကလည်း လူအများစိတ်ဝင်စားကြသည့်သတင်းများဖြစ်သည်။ ကမ္ဘာ့နံပါတ်(၁) နိုင်ငံကြီးဖြစ်သော အမေရိကန်နိုင်ငံ၌ပင်လျှင် ရုတ်တရက်ရေလွှမ်းမိုးမှုကြောင့် လူအများအပြားသေဆုံးရသည့်သတင်းမှာ အံ့သြဖွယ်ရာပင်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ရေလွှမ်းမိုးမှုတွင် သေဆုံးသူဦးရေ ၁၀၀ ကျော်ပြီဖြစ်ကြောင်း အတည်ပြုထားသည့်အနက် ကဲရ်ကောင်တီတစ်ခုတည်းမှပင် ၈၄ ဦးထက်မနည်းပါဝင်နေသည်ဟု ဆိုသည်။ ဒါဇင်နှင့်ချီသော လူများပျောက်ဆုံးနေဆဲဖြစ်ပြီး ရှာဖွေကယ်ဆယ်ရန် ကြိုးပမ်းမှုများမှာလည်း လေးရက်မြောက်ပြီဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။ အဆိုပါ ကောင်တီအတွင်းရှိ မစ်စ်တစ်အမည်ရှိ မိန်းကလေးများ၊ နွေရာသီစခန်းမှ မိန်းကလေးများနှင့် ဝန်ထမ်း ၂၇ ဦးထက်မနည်း သေဆုံးခဲ့ပြီး ကလေး ၁၀ ဦးနှင့် အကြံပေးတစ်ဦးတို့ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ယင်းဒေသတွင် မိုးရွာသွန်းမှုနှင့် မိုးကြိုးမုန်တိုင်းများ ထပ်မံဖြစ်ပေါ်ဦးမည့် အခြေအနေရှိပြီး နောက်ထပ်ရေကြီးရေလျှံမှုများလည်း ဖြစ်ပွားဖွယ်ရှိနေသည်ဟု ဆိုသည်။

အာရှတွင်လည်း တရုတ်နှင့် နီပေါနယ်စပ်တွင် ရုတ်တရက်ရေလွှမ်းမိုးမှုဖြစ်ပွားပြီး တံတားတစ်စင်း ရေထဲမျောပါသွားရာ လူ ၁၈ ဦးပျောက်ဆုံးနေကြောင်း၊ တိဗက်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ဖြစ်ဖွယ်ရှိသည့် အဆိုပါရေကြီးရေလျှံမှုတွင် ကားများလည်း ရေထဲမျောပါသွားခဲ့ကြောင်းနှင့် ပျောက်ဆုံးနေသူများတွင် နီပေါလူမျိုး ၁၂ ဦးနှင့် တရုတ်လူမျိုး ခြောက်ဦးတို့ပါဝင်ကြောင်း သတင်းများတွင်တွေ့ရသည်။ ထရီရှူလီမြစ်အနီးနေထိုင်သူများအား အာဏာပိုင်များက ရေဘေးအန္တရာယ်သတိပေးချက်များ ထုတ်ပြန်ထားသည်ဟုလည်း သိရသည်။

မိမိတို့နိုင်ငံတွင်လည်း မြစ်ကမ်းများအနီးနေသူများနှင့် အနိမ့်ပိုင်းများတွင် နေသူများအား ရေကြီးရေလျှံအန္တရာယ်မှ အချိန်မီရှောင်ရှားနိုင်ရန် သက်ဆိုင်ရာက မီဒီယာများမှတစ်ဆင့် သတိပေးနှိုးဆော်လျက်ရှိရာ အလေးဂရုပြု၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြရန်လိုသည်။ ပြီးခဲ့သည့်နှစ်များအတွင်း ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများမှာ ဘင်္ဂလားပင်လယ်အော်နှင့် တောင်တရုတ်ပင်လယ်တို့တွင် မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ခြင်းတို့ကြောင့် မိုးသည်းထန်မှု၊ အဆက်မပြတ်ရွာသွန်းမှုများ ဖြစ်ပေါ်၍ ရေဘေးအန္တရာယ်ကြုံတွေ့ခဲ့ကြရခြင်းဖြစ်သည်။ မိမိနေထိုင်သည့် နေရာသည် မြစ်ချောင်းများအနီး၊ မြေနိမ့်ပိုင်း စသည်တို့တွင် ကျရောက်နေပါက နေ့ညအချိန်မရွေး ကျရောက်လာနိုင်သည့် ရေဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားကြရန်လိုသည်။ အထူးသဖြင့် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် နှစ်စဉ်ရေဘေးအန္တရာယ်ဖြစ်ပေါ်လေ့ရှိရာ နေ့စဉ်အချိန်နှင့်အမျှ မိုးလေဝသသတင်းကို သတိပြုနေကြရမည်ဖြစ်သည်။

ကြိုတင်ပြင်ဆင်မှုများအနေဖြင့် မိမိအိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပြုပြင်ရန်နှင့် အိမ်ပတ်ဝန်းကျင်ရှိ အန္တရာယ်ဖြစ်နိုင်ခြေများကို ကြည့်ရှုစစ်ဆေးရန်၊ အရေးပေါ်ရွှေ့ပြောင်းရန်နေရာနှင့် လမ်းကြောင်းများကို ကြိုတင်သတ်မှတ်ရန်၊ ရေစိုပျက်စီးနိုင်သည့် ပစ္စည်းများကို ရေလွတ်ရာနှင့် ခြောက်သွေ့ရာအမြင့်နေရာ၌ထားရှိရန်၊ မိမိနေထိုင်ရာအနီးရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သောရေကြီးမှုအမြင့်ပေများကို မှတ်သားထားရန်၊ သောက်သုံးရေ၊ အရေးပေါ်သုံးပစ္စည်း၊ အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားရန်၊ ချိုင့်များ၊ ကျင်းများ၊ မြောင်းများကို ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သည့်အတွက် မှတ်သားထားရန်တို့ကို ဝါယမစိုက်ထုတ်ကာ ပြုလုပ်ထားခြင်းအားဖြင့် အန္တရာယ်ကျရောက်လာသည့်အခါ ရင်ဆိုင်ကျော်လွှားနိုင်ကြမည်ဖြစ်သည်။

မိမိတို့၏ ဉာဏ်ပညာ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဖြစ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်မြော်တွေး၍ ပြင်ဆင်ခြင်း၊ ဘေးအန္တရာယ်ကျရောက်လာသည့်အချိန်တွင် မိမိတို့ကြိုတင်ပြုလုပ်ထားသည့် အစီအမံများနှင့်အညီ ဘေးအန္တရာယ်မှ ရှောင်ရှားခြင်းနှင့် ရင်ဆိုင်ကျော်လွှားခြင်းတို့ကို ဆောင်ရွက်ခြင်းအားဖြင့် တစ်စုံတစ်ရာသောပျက်စီးဆုံးရှုံးမှုတို့မှ ရှောင်ရှားနိုင်ကြမည်ဖြစ်ကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဦးဇော်မင်းအောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားသူကြီးချုပ်ရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| (၂) ဦးအောင်မော်<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားသူကြီးချုပ်ရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| (၃) ဒေါက်တာနေဝင်းဦး<br>ပါမောက္ခချုပ်<br>ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၈

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉ - ၇ - ၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၅ | ၃၁၂၅ | ၃၀၉၅ | ၃၀၃၀ | ၃၀၃၅ | ၃၁၅၀ | ၃၁၆၅ | ၃၀၈၅ | ၄၅၀၅ | ၃၃၈၀ | ၃၀၀၀ | ၃၁၀၅ | ၃၀၇၅ | ၃၁၄၀ | ၃၁၆၀ | ၃၄၁၅ |
| 95 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၀၉၅ | ၃၂၁၀ | ၃၂၂၅ | ၃၁၄၅ | ၄၅၆၀ | ၃၄၄၀ | ၃၁၆၀ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၇၅ |
| HSD (500 ppm) | ၂၆၃၅ | ၂၇၅၀ | ၂၇၁၅ | ၂၆၅၀ | ၂၇၅၅ | ၂၇၇၀ | ၂၇၈၅ | ၂၇၀၅ | - | ၃၀၀၀ | ၂၇၂၅ | ၂၇၂၅ | ၂၇၈၅ | ၂၇၆၀ | ၂၇၈၀ | ၃၀၄၀ |
| HSD (50 ppm) | ၃၂၆၅ | ၃၃၇၅ | ၃၃၄၅ | ၃၂၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၄၁၅ | ၃၃၃၅ | ၄၈၃၀ | ၃၆၂၅ | ၃၃၅၀ | ၃၃၅၅ | ၃၄၂၀ | ၃၃၈၅ | ၃၄၁၀ | ၃၆၆၅ |
| HSD (10 ppm) | ၃၂၆၅ | ၃၃၇၅ | ၃၃၄၅ | ၃၂၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၄၁၅ | ၃၃၃၅ | - | ၃၆၂၅ | ၃၃၅၀ | ၃၃၅၅ | ၃၄၂၀ | ၃၃၈၅ | ၃၄၁၀ | ၃၆၆၅ |

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၄၄ | ၂၉၃၅ |
| 95 Ron | ၂၉၀၂ | ၂၉၉၄ |
| HSD (500 ppm) | ၂၄၇၆ | ၂၅၅၅ |
| HSD (50 ppm) | ၃၀၈၅ | ၃၁၇၇ |
| HSD (10 ppm) | ၃၀၈၅ | ၃၁၇၇ |

ကျပ်/လီတာ

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - စိုးစိုးနိုင် | | သတင်းထောက်မှူး - ခင်ရတနာ | |
| စာတည်းမှူး - မြင့်စိုး | | အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊ | |
| စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | | သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) | |
| ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | | အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး | |
| သုတေသန - အိအိခင်နှင့် အဖွဲ့ | | သတင်းထောက်များ | |
| စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့ | | ဓာတ်ပုံသတင်းထောက် - တင်စိုး | |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | | အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့ | |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၈**

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ယနေ့တွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ (ယာပုံ)

တွေ့ဆုံစဉ် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review) တွင် မြန်မာနိုင်ငံမှ အစီရင်ခံစာတင်သွင်းခြင်း တတိယအကျော့ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကော်မရှင်က မေးမြန်းလိုသည့်၊ ရှင်းလင်းလိုသည့် အချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



ဥပဒေရေးရာ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ UPR တတိယအကျော့အစီရင်ခံစာအား ရေးသားပြုစုကာ UPR လုပ်ငန်းအဖွဲ့သို့ တင်သွင်းခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review – UPR) လုပ်ငန်းအဖွဲ့၏ (၃၇)ကြိမ်မြောက် အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေနှင့် စပ်လျဉ်း၍ တတိယအကျော့ သုံးသပ်မှုကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် သုံးသပ်မှုခံယူခဲ့ကြောင်း၊ သုံးသပ်မှုခံယူသည့်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၀၆ နိုင်ငံမှ မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေး အခြေအနေနှင့် စပ်လျဉ်း၍ အကြံပြုချက် ၃၅၄ ချက်ကို အကြံပြုခဲ့ကြောင်း၊ အကြံပြုချက်များအပေါ် မြန်မာနိုင်ငံ၏ရပ်တည်ချက်နှင့် စပ်လျဉ်း၍ အကြံပြုချက် ၁၁၉ ချက်ကို လက်ခံသည် (enjoy the support)၊ အကြံပြုချက် ၄၆ ချက်ကို မှတ်သားထားသည် (noted)၊ အကြံပြုချက် ၁၈၉ ချက်ကို လေ့လာ၍ပြန်ကြားမည် (will be examined) ဟူ၍ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် UPR လုပ်ငန်းအဖွဲ့သို့ ပြန်ကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ UPR အစီရင်ခံစာသုံးသပ်မှုနှင့် စပ်လျဉ်းသည့် UPR လုပ်ငန်းအဖွဲ့၏ ကနဦးအစီရင်ခံစာကို ဇန်နဝါရီ ၂၉ ရက်တွင် အတည်ပြုခဲ့ပြီး UPR website တွင် upload လုပ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# အတတ်ပညာသာမက အသိပညာဗဟုသုတကြွယ်ဝလျက် အသိဉာဏ်ပညာပြည့်ဝပြီး နိုင်ငံ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်မည့် လူတော်လူကောင်းများဖြစ်အောင် ကြိုးစား

**နေပြည်တော် ဇူလိုင် ၈**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး စာကြည့်တိုက်နှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိကာ ခရိုင်ရုံးစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပဲခူးထပ်ဆင့်လွှင့်စက်ရုံ စက်ရုံမှူးနှင့် သတင်းဌာနရုံးခွဲ ဝန်ထမ်းများအားတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးကာ ထုတ်လွှင့်မှုမပြတ်တောက်စေရေး၊ စက်ပစ္စည်းများ ရေရှည်အသုံးပြုနိုင်အောင် ထိန်းသိမ်းပြီး မီးဘေးအန္တရာယ်ဂရုပြုရေးတို့ကို မှာကြားသည်။ ထို့နောက် ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက် တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။



ဒုတိယဝန်ကြီးက ဝန်ထမ်းများအား တွေ့ဆုံမှာကြားရာတွင် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် ၆ ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ မိမိတို့ကိုယ်တိုင်လည်း အသိပညာ ဗဟုသုတပြည့်ဝအောင် ကြိုးစားဖြည့်ဆည်းကြရေး၊ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊ စည်းလုံးညီညွတ်စွာဖြင့် တာဝန်ကိုကျေပွန်စွာ ဆောင်ရွက်ရေးနှင့် စိတ်ကောင်းစေတနာအပြည့်ဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အလေးထားဆောင်ရွက်ပေးကြရန် မှာကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးသည် ပဲခူးမြို့နယ် ဘုရားကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ခရိုင်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ စာပေသင်ကြားသင်ယူမှုများကို အားပေးကြည့်ရှုသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဆိုသည့် အခြေခံကျောင်းများ၏ ရည်မှန်းချက်နှင့်အညီ ဘက်စုံထူးချွန်ထက်မြက်သည့် ပညာတတ်များ ဖြစ်ပေါ်လာရေး၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသည့် ဆောင်ပုဒ်အတိုင်း ကျင့်ဝတ်စည်းကမ်း ကောင်းမွန်သည့် လူငယ်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရေး၊ နိုင်ငံတော်အကြီးအကဲကလည်း ပညာရေးကို မြှင့်တင်ကြရန် အစဉ်တိုက်တွန်းနှိုးဆော်လျက်ရှိပြီး စာသင်ကျောင်းများက စာပေသာမက စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်စေရန်နှင့် ဗလငါးတန်ပြည့်ဝစေရန် မကြာခဏမှာကြားလျက်ရှိကြောင်း၊ ထို့အပြင် ငယ်စဉ်ကတည်းက ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ သိရှိနားလည်ပြီး စည်းကမ်းလိုက်နာတတ်သည့် အလေ့အထကို ပြုစုပျိုးထောင်ကြစေလိုကြောင်း၊ အတတ်ပညာသာမက အသိပညာဗဟုသုတကြွယ်ဝလျက် အသိဉာဏ်ပညာပြည့်ဝပြီး နိုင်ငံ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်မည့် လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း။

ကျောင်းသားဘဝတွင် ပညာရှာဖွေရန်သာဖြစ်ပြီး ဘဝအတွက် ကောင်းကျိုးမပြုသည့် မူးယစ်ဆေးဝါး၊ အရက်၊ ဆေးလိပ်၊ ကွမ်းယာတို့ကို ရှောင်ရှားကြစေလိုကြောင်း၊ သားသမီးဝတ္တရား၊ တပည့်ဝတ္တရားကျေပွန်သည့် လူငယ်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းမှာကြားခဲ့သည်။

ယင်းနောက် ကျောင်းစာကြည့်တိုက်အတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော စာအုပ်စာစောင်များနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ လှူဒါန်းသော အားကစားပစ္စည်းများအား ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး ခရိုင်ပညာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၈

**ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးလက်ပြည်သူများ၏အကျိုးကို အစဉ်ရှေးရှုပြီး ကျေးလက်နေပြည်သူများ တိုက်ရိုက်အကျိုးရရှိစေနိုင်မည့် လုပ်ငန်းများကို ဆောင်ရွက်ကြရန်၊ ထိုသို့ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သည့်အခါတွင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံပြည်သူများ၊ သက်ဆိုင်ရာဌာနများနှင့် နီးနီးကပ်ကပ်ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရန်နှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး စိတ်စေတနာအပြည့်အဝဖြင့် ဆောင်ရွက်သွားရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားခဲ့သည်။**



ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ၂၀၂၅ ခုနှစ် ဇူလိုင် ၆ ရက်က ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့သည့်အတွက် ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူအားလုံးအား အသိအမှတ်ပြုချီးကျူး ဂုဏ်ပြုပါကြောင်းနှင့် ကမ္ဘာ့ကျေးလက် ဖွံ့ဖြိုးရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် **“ဒို့ကမ္ဘာမြေ တိုးတက်ပြောင်းလဲဖို့ ကျေးလက်စွမ်းအားမြှင့်တင်စို့”** ဆောင်ပုဒ်နှင့်အညီ ကျေးလက်ဒေသများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်နေပြီး ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး၊ ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ကုန်ချောထုတ်လုပ်မှု တန်ဖိုးမြှင့်ကွင်းဆက် ဖွံ့ဖြိုးရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဆောင်ရွက်ပေးသည့် ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စဉ်ဆက်မပြတ် အသုံးချနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်က စောင့်ကြည့်စစ်ဆေး၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များကို အမြဲမပြတ် ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ချက်များကိုလည်း စနစ်တကျ မှတ်တမ်းများထားရှိကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၆၆၂၆ ခု အား ကျေးရွာပေါင်း ၄၀၇၂ ရွာတွင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူ ၃ ဒသမ ၃၆ သန်းခန့် အကျိုးပြုခဲ့ပါကြောင်းနှင့် ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

## နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၈**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ တဲကြီးကုန်းကျေးရွာနှင့် အလျှင်လိုကျေးရွာများရှိ နွေစပါးရိတ်သိမ်းမှု အခြေအနေများနှင့် မိုးစပါး အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ရေးအတွက် ရေပေးဝေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက တောင်သူများနှင့် တွေ့ဆုံပြီး သီးနှံများ သတ်မှတ်လျာထားဧကအတိုင်း အပြည့်အဝ စိုက်ပျိုးသွားရန်၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး အထူးအလေးထား ဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် သက်သာမှသာ တောင်သူများအတွက် ဝင်ငွေတိုးတက်လာမည်ဖြစ်၍ သွင်းအားစုသက်သာစေရန်နှင့် မြေဆီဩဇာ ကြွယ်ဝစေရေးအတွက် သဘာဝမြေဩဇာများ သုံးစွဲရန်လိုကြောင်း၊ လယ်ယာမြေများ၌ ရေဝပ်မှုကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးမှု အန္တရာယ်ကင်းဝေးစေရန်အတွက် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ကြရန် လိုကြောင်းနှင့် စိုက်ပျိုးဧကအလိုက် ပျက်စီးဆုံးရှုံးမှုနှင့် အထွက်နှုန်း ထိခိုက်မှုမရှိစေရေးတို့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားကာ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် နွေစပါးရိတ်သိမ်းနေမှု၊ ရိတ်သိမ်းပြီးစပါးများ ချိန်တွယ်နေမှုများနှင့် မိုးစပါးအောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ရေးအတွက် ရေပေးဝေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **မျိုးသီဟ (ပြန်/ဆက်)**



❑ *ရှေ့ဖုံးမှ*

ဆင်းရတနာ-(၁၄) ၉၈၃ ဧကနှင့် ဆင်းရတနာ-(၁၂) ၁၄၇၇ ဧက စုစုပေါင်း ၁၂၈၉၁ ဧက စိုက်ပျိုးပြီးစီးပြီး ၎င်းတို့အနက်မှ ပန်းတိုင်အထွက်နှုန်းရရှိရေး ဧက ၂၀၀၀ လျာထားကြောင်းနှင့် ဒေသတွင်းစားသုံးဆီ ဖူလုံစေရေး၊ နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ငဖဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးက ဦးဆောင်ကြီးကြပ်၍ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူးနှင့် ကွင်းဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် သက်ဆိုင်ရာကွင်းဝန်ထမ်းများကကွင်းဆင်း၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မယု(ငဖဲ)

## မိတ္ထီလာပညာရေးဒီဂရီကောလိပ်၌ စွန့်ပစ်အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်မှုသရုပ်ပြပွဲ ကျင်းပ

**မိတ္ထီလာ ဇူလိုင် ၈**

မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်းကျင်းပသော စွန့်ပစ်အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်မှုသရုပ်ပြပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မိတ္ထီလာပညာရေးဒီဂရီကောလိပ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားကို ပညာရေးဒီဂရီကောလိပ်ပညာ ပါရမီခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင် ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးထက်ဇော်က စွန့်ပစ်အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်မှုသရုပ်ပြပွဲ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပညာပါရမီခန်းမရှေ့ကွင်းပြင် လက်တွေ့သရုပ်ပြရာ အမှိုက်အမျိုးအစား ခွဲခြား စွန့်ပစ်ခြင်းဆိုင်ရာများကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်သန်းနိုင်က ရှင်းလင်းပြောကြားသည်။ ထို့နောက် ဘေးအန္တရာယ်ရှိအမှိုက်၊ အမှိုက်ခြောက်၊ အမှိုက်စိုနှင့် ပလတ်စတစ်အမှိုက် လေးမျိုးခွဲခြားစွန့်ပစ်ခြင်းကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ ဝန်ထမ်းများနှင့် မိတ္ထီလာပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား သင်တန်းသူများက သက်ဆိုင်ရာအမှိုက်ပုံးများအတွင်းသို့ လက်တွေ့စွန့်ပစ်ကြရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။ **ချမ်းသာ (မိတ္ထီလာ)**



## မန္တလေးတက္ကသိုလ်နှင့် တက္ကသိုလ်၊ ကောလိပ်ကျောင်းများသို့ သင်္ချာပညာရပ်ဆိုင်ရာစာအုပ်များ လှူဒါန်း

**မန္တလေး ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် မန္တလေးတက္ကသိုလ်နှင့် တက္ကသိုလ်၊ ကောလိပ်ကျောင်းများ၊ စာကြည့်တိုက်များသို့ သင်္ချာပညာရပ်ဆိုင်ရာ စာအုပ်များ၊ သုတ၊ ရသ စာအုပ်များလှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး တက်ရောက်ပြီး စာအုပ်အလှူရှင် မြန်မာနိုင်ငံ နည်းပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဝိဇ္ဇာ၊ သိပ္ပံပညာရှင်အဖွဲ့ဝင် သင်္ချာပါမောက္ခ ဒေါက်တာခင်မောင်ဆွေ - သင်္ချာပါမောက္ခ ဒေါ်မြင့်မြင့်ခိုင် (အာဇာနည်ခေါင်းဆောင် မန်းဘခိုင်၏ သမီး) မိသားစု ကိုယ်စား တက္ကသိုလ်၊ ကောလိပ်ကျောင်းများသို့ သင်္ချာပညာရပ်ဆိုင်ရာ စာအုပ်များ လှူဒါန်းပေးအပ်သည်။

ထို့နောက် မန္တလေးမြို့ ဓမ္မသံတော်ဆင့် စာပေထုတ်ဝေသူ ဦးကျော်စွာဝင်း(ဓမ္မပါလမြို့သား) က မြန်မာသံတော်ဆင့် သတင်းဂျာနယ် ပင်တိုင်ဆောင်းပါးရှင်များ ဖြစ်ကြသည့် ပါမောက္ခဒေါက်တာ ခင်မောင်ဆွေ (တက္ကသိုလ်မောင်သင်္ချာ)၊ ဦးပီတာလင်းပင် (ကနောင်မင်းသားကြီး၏ မြစ်)၊ မြန်မာ့သမိုင်းပညာရှင် ဒေါက်တာမြင့်သိန်း (ရန်ကုန်တက္ကသိုလ်)၊ တောင်ကလေးဆရာတော်(တောမှီရဟန်း)၊ ဆရာမကြီး ရွှေကူမေနှင်းတို့ ရေးသားထုတ်ဝေခဲ့သော သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ရာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ ဗြဟ္မစိုရ် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမောင်မောင်လေး၊ မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ မန္တလာတက္ကသိုလ်နှင့် မန္တလေး ပညာရေးဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များက လက်ခံယူပြီး မန္တလေးတက္ကသိုလ်တာဝန်ခံပါမောက္ခချုပ်ဒေါက်တာသုနန္ဒာက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **အာကာလင်း**



# မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော်  ဇူလိုင် ၈**

မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ JSC “Rosoboronexport” ကုမ္ပဏီက ငွေကျပ် ၉၀၆ ဒသမ ၂၅၀ သန်းကို ယနေ့နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်ပေးအပ်လှူဒါန်းရာ(ယာပုံ) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ဒုတိယဝန်ကြီး ဦးမြင့်စိုး တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော်  ဇူလိုင် ၈**

“တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ” အတွင်းရေးမှူး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် အမှတ် (၂) ခရိုင်ချင်းဆက်လမ်းမှ ရှေးဟောင်းသမိုင်းဝင် သားခိုတောင် မဟာအတုလလောကရန်အောင် ဆုတောင်းပြည့် စေတီတော်မြတ်ကြီးသို့သွားသောလမ်းအရှည် သုံးမိုင်ကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် အဆိုပါလမ်းကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ သွားလာမှု အဆင်ပြေစေရန်၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် လတ်တလော ပြုပြင်ဖောက်လုပ်ပေးရမည့် လမ်းအခြေအနေနှင့် Box Culvert တည်ဆောက်ပေးရမည့်နေရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားပြီး စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပျူခေတ်လက်ရာ အုတ်လှေကားများကို ကြည့်ရှုလေ့လာသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လယ်ငယ်ချောင်းကူး အုန်းပင်-တောင်ပို့သာ သံကူကွန်ကရစ်တံတား ပေ ၃၀၀ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တပ်ကုန်းမြို့နယ် ကြို့ပင်သာကျေးရွာ၌ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသအခြေခံအိမ်ထောင်စုများ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေး (SEP) စီမံကိန်းရန်ပုံငွေကျပ် သိန်း ၂၀၀ ပေးအပ်၍ အိမ်ထောင်တစ်စုချင်းအလိုက် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ မကျီးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာမများနှင့် တွေ့ဆုံနှုတ်ဆက်ပြီး ကျောင်းဝင်းအတွင်း ရေသွယ်ယူရေးလုပ်ငန်းများ အဆင်ပြေစေရန် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် အင်ပင်ကျေးရွာသို့သွားရောက်၍ ဝါစိုက်သမဝါယမအသင်းသားတောင်သူများထံ ဝါမျိုးစေ့နှင့် သွင်းအားစုပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ယမန်နှစ်ဝါစိုက်ပျိုးရာသီတွင် တစ်ဧကအထွက်နှုန်း ပိဿာ ၅၅၀ ခန့်သာရရှိ၍ ယခုနှစ် ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ကျော်ရရှိအောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး စိုက်ပျိုးရေးသမဝါယမအသင်း လေးသင်း၏ ဝါစိုက်ဧက ၆၇၄ ဧကအတွက် ရာကာ ခြောက်ရာခြောက်ဆယ့်ခြောက် (RAKA-666) ဝါမျိုးစေ့များနှင့် သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူမှုဝန်ထမ်းလုပ်ငန်းရပ်များနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းရပ်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးမြို့သို့ ရောက်ရှိပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နားမကြားသော ကလေးများကျောင်းရှိ ပင်မဆောင် အဆောက်အအုံထိခိုက်ပျက်စီးမှု အခြေအနေနှင့် စာသင်ဆောင် အဆောက်အအုံ၊ အမျိုးသား/အမျိုးသမီးအိပ်ဆောင် အဆောက်အအုံ စားဖိုဆောင်နှင့် ရိပ်သာအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မူလတန်းကြိုကျောင်းအမှတ်(၂)ရှိ ပင်မစာသင်ဆောင်နှင့် ကလေးကစားကွင်းကိုလည်းကောင်း၊ ဒေးဝန်းမူလတန်းကြိုကျောင်းရှိ စာသင်ဆောင်နှင့် မန္တလေး လူငယ်သင်တန်းကျောင်းရှိ သုံးထပ်ဆောင်အဆောက်အအုံနှင့် ပင်မနှစ်ထပ်ဆောင် အဆောက်အအုံကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေး၊ ယာယီအဆောက်များနှင့် အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး လိုအပ်သည်များကိုမှာကြားပြီး အဆိုပါကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများနှင့် ဆရာဆရာမများကို အားပေးစကားပြောကြားသည်။



ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ အားပေးစကား ပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့) သို့ရောက်ရှိ၍ ကယ်ဆယ်ရေးပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများ၊ ဒေသဖွံ့ဖြိုးရေးသုံးပစ္စည်းများနှင့် အလှူပစ္စည်းများ သိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဘေးသင့်ပြည်သူများထံ အချိန်မီထောက်ပံ့နိုင်ရေး၊ သိုလှောင်ရုံလက်စွဲနှင့်အညီ ပစ္စည်းများလေလွင့်ပျက်စီးမှုမရှိစေရေး စနစ်တကျထိန်းသိမ်းထားရှိရေး၊ ပစ္စည်းများ ထုတ်ပေးရာတွင် စနစ်တကျရှိစေရေးနှင့် စာရင်းဇယားများကို စနစ်တကျ ပြုစုမှတ်တမ်းတင်ထားရှိရေးတို့အတွက် အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

| | |
|---|---|
| **၈ - ၇ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး** (Market Rate) | သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၈၉၀၀၀၀ ကျပ် ဖြစ်သည်။<br>**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ** |

| | |
|---|---|
| **နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်** | **နေပြည်တော် ဇူလိုင် ၈** - နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ** |

ဤဆောင်းပါးပါ အမြင်များနှင့် ထင်မြင်ချက်များသည် စာရေးသူ၏ အမြင်များနှင့် ထင်မြင်ချက်များသာဖြစ်သည်။

# ကျင့်ဝတ်သိက္ခာ ဆွေးမြည့်နေသူတွေ

- “ပြုပြင်ပြောင်းလဲရေး”ဆိုပြီး ပြောနေသမျှဟာတွေက ပုံပျက်ပန်းပျက်နိုင်တဲ့ ပြက်လုံးတွေသက်သက်ပါပဲ . . .
- “ပွင့်လင်းမြင်သာမှု”၊ “ဒီမိုကရေစီလုပ်ထုံးလုပ်နည်း”ဆိုတာတွေကို တွင်တွင်ဟောပြောနေတဲ့သူတွေ သူတို့အကျိုးစီးပွားနဲ့ ယှဉ်လာတော့ ဘာလုပ်ထုံးလုပ်နည်းမှ မရှိတော့ပါဘူး . . .
- ကမ္ဘာကြီးမှာ ပိုမိုတောက်ပတဲ့ အနာဂတ်အတွက် အခွင့်အရေးရှိနိုင်ကောင်းပါရဲ့ . . .

ဥစ္စာ မကြွယ် ဂျင်ဂလယ် နိုင်ငံငယ်လေးများ မှတ်မှတ်သားသားရှိကြပါကုန်။

နယူးယောက် ဆင်စွယ်နန်းတော်ကြီးထိပ်မှာ ထိုင်နေတဲ့ ထွေချုပ်ကြီးဆိုသူဟာ အန်ကယ်ဆမ်ကြီးက ဘတ်ဂျက်ဖြတ်တာကြောင့် ပြုပြင်ပြောင်းလဲမှုတွေကို ကြီးကြီးမားမား (အားလုံးတံခါးပိတ်လက်သိပ်ထိုးဗျို့) လုပ်နေပါတယ်ဆိုရင်းနဲ့ သူ့လူတွေ (သောက်ဖော်သောက်ဖက် အပေါင်းအသင်းရိုးရင်းတွေ)ကို ရာထူးတိုးပေးနေတယ်ဆိုတာ လူတွေကြားမှာ ပေါ်တင်ကြီး ပေါ်ပေါ်ထင်ထင် ဖြစ်လာနေပါပြီ။ ဒီရာထူးတိုးပေးတာတွေ အားလုံးကလည်း ရာထူးနေရာလစ်လပ်ကြောင်း တရားဝင်ကြေညာတာမျိုးမရှိဘဲ လုပ်နေတာပါ။ “ပွင့်လင်းမြင်သာမှု”၊ “ဒီမိုကရေစီလုပ်ထုံးလုပ်နည်း”ဆိုတာတွေကို တွင်တွင်ဟောပြောနေတဲ့သူတွေ သူတို့အကျိုးစီးပွားနဲ့ ယှဉ်လာတော့ ဘာလုပ်ထုံးလုပ်နည်းမှ မရှိတော့ပါဘူး။

ဒီရာထူးတိုးကိစ္စတွေ အားလုံးကို အန်ကယ်ကြီး သတိပြုမိပါစေလို့ပဲ မျှော်လင့်ကြပါစို့ရဲ့။ ဒီရာထူးတိုးဆိုတာတွေမှာ ငွေရေးကြေးရေးတွေ ပါဝင်နေတာလေ။ ဟိုနေရာ ၂၀ ရာခိုင်နှုန်းဖြတ်၊ ဒီနေရာ ၂၀ ရာခိုင်နှုန်း ဖြတ်လုပ်နေတယ်ဆိုပြီး ပြောနေချိန်မှာပဲ သူ့လူရင်းတွေကတော့ စားလို့ဝါးလို့ပေါ့။ ဘာမှ မပြောင်းလဲသေးဘူးဆိုတာကို အန်ကယ်ကြီး သတိထားမိပါစေလို့ ဆုတောင်းရမှာပါပဲ။ “ပြုပြင်ပြောင်းလဲရေး”ဆိုပြီး ပြောနေသမျှဟာတွေက ပုံပျက်ပန်းပျက်နိုင်တဲ့ ပြက်လုံးတွေသက်သက်ပါပဲ။

ဒေသတွင်းကို ပြန်ကြည့်။

“ထွေချုပ်ကြီး”ကို လက်တို့သတိပေးကြစို့ရဲ့။ အရှေ့တောင်အာရှမှာ နိုင်ငံတစ်နိုင်ငံတည်းသာမက ရှိနေတယ်ဆိုတာ။ ဘာလို့လဲဆိုတော့ သူနဲ့ သူ့နောက်မြီးဆွဲတွေက မြန်မာလို့ခေါ်တဲ့ သူတို့ထိုးနေကျဖွဲ့အိတ် နိုင်ငံလေးတစ်နိုင်ငံတည်းနဲ့ပဲ အမြဲအလုပ်ရှုပ်နေကြလို့ပါ။ ဒေသတွင်းတခြားနေရာတွေမှာ အခြေအနေတွေက မကောင်းပါဘူး။ နယ်စပ်ဖြတ်ကျော် ပဋိပက္ခတွေဖြစ်လာနိုင်ခြေရှိနေပြီး ပိုပြီးဆိုးရွားတဲ့ အကျိုးဆက်တွေလည်းရှိလာနိုင်ပါတယ်။ နယ်စပ်တွေပိတ်ထားတယ်။ တင်းမာမှုတွေမြင့်တက်နေတယ်။ ဒေသတွင်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှာလည်း အခြေအနေတွေ မကောင်းပါဘူး။ နိုင်ငံရေး ပဋိပက္ခတွေ၊ အချင်းချင်း အာဏာလုပွဲတွေ (Game of Thrones!!!) ပိုပြီးဆိုးလာတယ်။ ဒီဒေသတွင်းက လတ်တလာဖြစ်ပေါ်တိုးတက်မှုတွေနဲ့ ပတ်သက်ပြီး ထွေချုပ်ကြီးနဲ့ သူ့ရဲ့နောက်မြီးဆွဲတွေဆီက ဘာများကြားမိကြလဲ။ “နိုး” ပါ။

သူတို့စိတ်ထဲမှာ မြန်မာတစ်နိုင်ငံတည်းကိုပဲ ပုံမှန်အတိုင်း အာရုံစိုက်နေကြတာလား။ သူတို့က စက်တင်ဘာလ ၃၀ ရက်နေ့မှာလုပ်မယ့် မြန်မာ့အရေး အသုံးမကျတဲ့ လေပန်းပွဲအတွက် ပြင်ဆင်နေတာများလား။ အချိန်ကုန်တဲ့ ဆွေးနွေးပွဲလား။ လေကြီးမိုးကြီးရွာနေပြီး ဘာမှအကျိုးထွက်မလာနိုင်ဘူး။ ဒီလူတွေ ကပေါက်တိ ကပေါက်ချာနိုင်လိုက်တာ။ ကမ္ဘာတစ်ဝန်းကလူတွေ၊ အထူးသဖြင့် အခွင့်အရေးမဲ့သူတွေနဲ့ ထိခိုက်လွယ်သူတွေရဲ့ကောင်းကျိုးကို လုပ်ပေးနေတယ်လို့ထင်ရတဲ့ ဒီလူတွေ ဒီလိုဖြစ်နေတာဝမ်းနည်းစရာပဲ။ မျှော်လင့်စရာမရှိတော့ပါဘူး။

သူ့ရဲ့သက်တမ်း ၉ နှစ်မြောက်မှာ ထွေချုပ်ကြီးရဲ့ ကော့စ်ဘဇားကို ဓာတ်ပုံရိုက်ဖို့ သက်သက်သွားခဲ့တဲ့ ခရီးစဉ်ကို ပြန်သတိရကြဦးမလား။ အဲဒီတုန်းက ဘယ်လောက်တောင် ဂရုစိုက်သယောင်ယောင်၊ သနားသယောင်ယောင် လုပ်သွားခဲ့လဲနော်။

အရှေ့အလယ်ပိုင်းက ပဋိပက္ခတွေနဲ့ပတ်သက်ပြီးတော့ ထွေချုပ်ကြီးက ကမ္ဘာကြီးရဲ့ ကောင်းကင်အောက်မှာရှိတဲ့ အရာအားလုံးကို “အမိန့်ပေးတောင်းဆို”နေတာပဲ။ သူ့ရဲ့မိန့်ခွန်းတွေမှာလည်း “လုပ်ရမယ်”ဆိုတဲ့ စကားလုံးတွေနဲ့ အပြည့်ပဲ။ ဒါလုပ်ရမယ်၊ ဟိုဟာလုပ်ရမယ်နဲ့။ မြတ်-စွာ-ဘုရား။ သူ့စကားကို နားထောင်တဲ့သူရှိလို့လား။ ထွေချုပ်ကြီးက တန်းတူညီမျှရေးကို ဟောပြောရတာကြိုက်တယ်။ အဲဒီရှုထောင့်ကနေကြည့်ရင် ကြီးတဲ့သူတွေက သူ့စကားကို နားမထောင်ဘူးဆိုရင် သေးတဲ့သူတွေ အရေးမှာလည်း သူပါဝင်စွက်ဖက်ခွင့် မရှိပါစေနဲ့ပေါ့။ သူ့ကိုရော သူ့ရဲ့ နောက်မြီးဆွဲတွေကိုရော အဝေးမှာပဲ ခေါက်ထားလိုက်ပါ။


ထွေချုပ်ကြီးက လာမယ့်နှစ်မှာ ရာထူးက ထွက်တော့မယ်။ သူ့ရဲ့နေရာကို ဆက်ခံမယ့်သူက ဟန်ဆောင်မှုများတဲ့သူ၊ ကိုယ့်အကျိုးစီးပွားကြည့်တဲ့သူ၊ အကျင့်သိက္ခာမရှိဘဲ ရှိဟန်ဆောင်သူ၊ သူတော်ကောင်းယောင်ဆောင်တဲ့သူ မဖြစ်ပါစေနဲ့လို့ မျှော်လင့်ကြရတော့မှာပဲ။ စစ်မှန်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ပိုအာရုံစိုက်မယ့်သူဖြစ်ပါစေလို့ မျှော်လင့်နေကြပါတယ်။

ကမ္ဘာကြီးမှာ ပိုမိုတောက်ပတဲ့ အနာဂတ်အတွက် အခွင့်အရေးရှိနိုင်ကောင်းပါရဲ့။ ။

> **“အရှေ့အလယ်ပိုင်းက ပဋိပက္ခတွေနဲ့ပတ်သက်ပြီးတော့ ထွေချုပ်ကြီးက ကမ္ဘာကြီးရဲ့ ကောင်းကင်အောက်မှာရှိတဲ့ အရာအားလုံးကို “အမိန့်ပေးတောင်းဆို”နေတာပဲ။ သူ့ရဲ့မိန့်ခွန်းတွေမှာလည်း “လုပ်ရမယ်”ဆိုတဲ့ စကားလုံးတွေနဲ့အပြည့်ပဲ။ ဒါလုပ်ရမယ်၊ ဟိုဟာလုပ်ရမယ်နဲ့။ မြတ်-စွာ-ဘုရား။ သူ့စကားကို နားထောင်တဲ့သူရှိလို့လား။ ထွေချုပ်ကြီးက တန်းတူညီမျှရေးကို ဟောပြောရတာကြိုက်တယ်။ အဲဒီရှုထောင့်ကနေကြည့်ရင် ကြီးတဲ့သူတွေက သူ့စကားကို နားမထောင်ဘူးဆိုရင် သေးတဲ့သူတွေ အရေးမှာလည်း သူပါဝင်စွက်ဖက်ခွင့် မရှိပါစေနဲ့ပေါ့။ သူ့ကိုရော သူ့ရဲ့နောက်မြီးဆွဲတွေကိုရော အဝေးမှာပဲ ခေါက်ထားလိုက်ပါ”**

## The Rot

**By Kyaw Myint Htoon (Paris)**



POOR and small countries take note.

It has become public that the “Supremo”, who sits atop the Ivory Tower in New York, is busy promoting cronies, whilst supposedly carrying out major reforms (all behind closed doors!!!!), due to the budget cuts from the big Uncle. All these promotions handed out to the cronies are done without an official vacancy announcement. So much for people who preach “transparency”, “democratic process”. When it comes to their own interest, there's no due process.

Let's hope the big Uncle is paying notice to all these promotions. With these promotions, finances are involved. While there are supposedly 20 per cent cuts there, 20 per cent cuts here, the cronies are eating the pie. Hope the big Uncle notices that nothing has changed. All that is being said about “reform” is just a farce!

Turning to the region, let's remind the “Supremo” that there is more than one country in Southeast Asia. Because he and his minions are always busy only with one country, called Myanmar, aka the usual punching bag. Things are not all that well in other parts of the region. There is potential cross-border conflict with far more devastating consequences. Borders have been shut. Tensions are high. Things are not good in other member countries of the regional bloc either. The clash of the clans (Game of Thrones!!!) has escalated. Has anyone heard from the “Supremo” and his minions about these recent developments in the region? No! Their mind is only focused on Myanmar as usual? Maybe they are busy preparing for that absolutely useless talkfest on Myanmar, scheduled on 30 September? These people have gone crazy! Sad that these are the people supposedly looking out for the betterment of the people around the world, especially the disadvantaged and the vulnerable. No hope here!

Shall we be reminded about the strictly photo op trip to Cox's Bazar by the “Supremo”, in the ninth year of his term? Oh, so very caring and compassionate!

As for the conflicts in the Middle East, the “Supremo” has “demanded” all things under the sky. His speeches are full of “must”. Must this, must that!. 0MG! Has anyone listened to him? The “Supremo” likes to preach equality. From that perspective, if the big ones don't listen to him, let him have no say when it comes to the small ones. Keep him and his minions out!

The “Supremo” is out the door next year. Let's hope the next one is less hypocritical and self-serving. The world might have a chance of a brighter future.

(The views and opinions expressed in this article are those of the author.)

(၁-၇-၂၀၂၅ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ Kyaw Myint Htoon (Paris) ၏ The Rot ကို ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။)

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ ဟိုတယ်များ သန့်ရှင်းသာယာလှပမှုရှိစေရေး လှည့်လည်ကြည့်ရှုစစ်ဆေး




**နေပြည်တော် ဇူလိုင် ၈**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဟိုတယ်များ သန့်ရှင်းသာယာလှပမှုရှိစေရေးနှင့် ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။(ဓာတ်ပုံ)

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များအနေဖြင့် မိမိတို့ ဟိုတယ်ပရဝဏ်အတွင်းရှိ အရိပ်ရလေကာပင်များကို အလင်းဖွင့်ခြင်း၊ အောက်ခြေရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြရန်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေသည်ပြည်ထောင်စုအဆင့် အစိုးရရုံးများတည်ရှိပြီး နိုင်ငံတော်အဆင့် အခမ်းအနားများသာမက နိုင်ငံတကာအဆင့် အခမ်းအနားများ၊ ဖိုရမ်များ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများ အခါအားလျော်စွာ ကျင်းပပြုလုပ်လျက်ရှိရာ ဟိုတယ်များအနေဖြင့် နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုပေးနိုင်အောင် ပြင်ဆင်ဆောင်ရွက်ကြရန်၊ ဟိုတယ်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပပြီး အမြင်တင့်တယ်မှုရှိအောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးတစ်လျှောက် ဟိုတယ်ဇုန် (၁)ရှိ ဟိုတယ်များ သန့်ရှင်းသာယာလှပမှုရှိစေရေး ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဟိုတယ်များမှ တာဝန်ရှိသူများက ငလျင်ကြောင့် ဟိုတယ်များ ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်နေမှု၊ ခရီးသည်များ လာရောက်တည်းခိုနေထိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရန်လို

**နေပြည်တော် ဇူလိုင် ၈**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ရာသီပြည့် သီးနှံစိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်များဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း သီးနှံစိုက်ပျိုးမြေများကို ပလပ်မြေမထားဘဲ နွေ၊ မိုး၊ ဆောင်း ရာသီပြည့် သီးနှံများစိုက်ပျိုးနိုင်ရန်လိုအပ်ကြောင်း၊ တစ်နှစ် သုံးသီးစိုက်ပျိုးပြီး သီးထပ်စွမ်းအားမြှင့်တင်ရန်လိုကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းနည်းလမ်းများနှင့်အညီ စနစ်တကျစိုက်ပျိုးရန်လိုကြောင်း၊ ရာသီပြည့် သီးနှံစိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သောစိုက်ပျိုးရေ၊ မျိုး၊ သွင်းအားစုများအား ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ လယ်ယာမြေများတွင် သတ်မှတ်သီးနှံများကိုသာ စိုက်ပျိုးစေရန်နှင့် သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲနိုင်ရေး အသိပညာပေး ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) မိုးရာသီသစ်ပင်စိုက်ပွဲတော်ကျင်းပ

**ရန်ကုန် ဇူလိုင် ၈**

တက္ကသိုလ်တွင်း စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့် တက်ရောက်သည်။



အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်က အမှာစကားပြောကြားပြီး ပါမောက္ခချုပ်နှင့် သင်တန်းသား၊ သင်တန်းသူ၊ ကိုယ်စားလှယ်များကို ပျိုးပင်များပေးအပ်၍ အဖွဲ့ဝင် ဦးစိုးတင့်က မဟော်ဂနီပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။ အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခ (ပညာဌာနမှူး)များ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကာ ကျွန်းပင် ၁၀၀၊ ပျဉ်းကတိုးပင် ၁၂၅ ပင်၊ ပိတောက်ပင် ၁၀ ပင်၊ မဟော်ဂနီ ၂၅ ပင်နှင့် မန်ကျည်းရှား ၉၄၀ စုစုပေါင်း ပျိုးပင် ၁၂၀၀ ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဝမ်းတွင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုမှုဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**ဝမ်းတွင်း ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုမှုဆိုင်ရာဆင့်ပွားသင်တန်း(၁/၂၀၂၅)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကော်မရှင် ရွေးကောက်ပွဲအရာရှိ ဒေါ်စမ်းမွန်ရည်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မဲပေးစက်အား စမ်းသပ်ပေးမှုများ ပြုလုပ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အားလက်ခံတွေ့ဆုံ

**မန္တလေး ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေ ကိုယ်စားလှယ် Mr. Arnaud de Baecque အား ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ICRC ၏ ပုံမှန်ဆောင်ရွက်နေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှု၊ မန္တလေးမြေငလျင်ကြီး ဖြစ်ပွားခဲ့သည့်ဒေသများတွင် ICRC မှ လျော်ဘေးသင့်ပြည်သူများအတွက် သောက်သုံးရေရရှိရေး၊ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ အထောက်အပံ့ကူညီဆောင်ရွက်ပေးနေမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားခန်းမ၌ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၃)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဗိုလ်လုပွဲစဉ်အဖြစ် အမျိုးသား လေးယောက်တွဲ မဟာအောင်မြေခရိုင်အသင်းနှင့် အမရပူရခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မဟာအောင်မြေခရိုင်အသင်းက အနိုင်ရဗိုလ်စွဲသွားသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ဆုချီးမြှင့်ပွဲကိုကျင်းပ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမျိုးသား လေးယောက်တွဲပြိုင်ပွဲ၊ အမျိုးသား သုံးယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး သုံးယောက်တွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့်အသင်းများကို တံခွန်စိုက်ဆုဖလား၊ ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၃)နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**ပဲခူး ဇူလိုင် ၈**

၂၀၂၅ ခုနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၃)နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပိုက်ကျော်ခြင်းအားကစား ဝါသနာရှင်များက ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၃)နှစ်အောက် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲ အဖွဲ့လိုက် ဗိုလ်လုပွဲအဖြစ် ပဲခူးမြို့နယ်အသင်းနှင့် ရွှေတောင်မြို့နယ်အသင်း၊ နှစ်ယောက်တွဲအဖွဲ့လိုက် ဗိုလ်လုပွဲအဖြစ် ပဲခူးမြို့နယ်အသင်းနှင့် တောင်ငူမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။



ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနား ဆက်လက်ကျင်းပရာ ပွဲစဉ်တစ်လျှောက် ရိုက်ခုတ်သူ အကောင်းဆုံးဆု၊ ပင့်ထောင်သူအကောင်းဆုံးဆု၊ နောက်ခံလူ အကောင်းဆုံးဆု ရရှိသူများအား ဆုတံဆိပ်များနှင့် ငွေသားဆုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က လည်းကောင်း၊ နှစ်ယောက်တွဲ အဖွဲ့လိုက် တတိယဆုရရှိသော ကြို့ပင်ကောက်မြို့နယ်အသင်း၊ ဒုတိယဆုရရှိသော တောင်ငူမြို့နယ်အသင်းတို့အား လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် လူမှုရေးရာဝန်ကြီးတို့ကလည်းကောင်း၊ သုံးယောက်တွဲအဖွဲ့လိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် တတိယရရှိသော တောင်ငူမြို့နယ်အသင်း၊ ဒုတိယဆုရရှိသော ရွှေတောင်မြို့နယ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို သယံဇာတရေးရာဝန်ကြီးနှင့် စီးပွားရေးရာဝန်ကြီးတို့က လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် နှစ်ယောက်တွဲအဖွဲ့လိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ပဲခူးမြို့နယ်အသင်းနှင့် သုံးယောက်တွဲအဖွဲ့လိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ပဲခူးမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ပဲခူးမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကျပ် ငါးသိန်း၊ ထပ်မံ၍ သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ပဲခူးမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကျပ် ခုနစ်သိန်းတို့အား ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ဒိုင်လူကြီးများအားလည်း ဂုဏ်ပြုငွေနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ချီးမြှင့်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို ထူးချွန်ထက်မြက်သော လူငယ်သွေးသစ် ပိုက်ကျော်ခြင်းအားကစားသမားများ ပေါ်ထွက်လာရေးအတွက် ဇူလိုင် ၄ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ ပြိုင်ပွဲဝင်အသင်း ၂၈ သင်း ပါဝင်ကာ အုပ်စု ရှစ်အုပ်စုခွဲ၍ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေသတွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှု

**ဘားအံ ဇူလိုင် ၈**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ဘားအံမြို့နယ် ကော့သင်းရှူးကျေးရွာ ကွင်းအမှတ်-၁၁၆၇ ရှိ ကရင်ပြည်နယ် မျိုးစေ့ထုတ်အသင်း၏ ဆင်းသုခမျိုးစေ့ထုတ်စိုက်ခင်း၌ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာန(ခွဲ)မှ ရေရှည်တွင် မြေဆီဩဇာ တိုးတက်ကောင်းမွန်စေသော အီးအမ်ဘိုကာရှီသဘာဝမြေဆွေးပြုလုပ်သုံးစွဲပုံအဆင့်ဆင့်ကို လက်တွေ့ပြုလုပ်ခြင်း သရုပ်ပြသမှုကို ကွင်းဆင်းကြည့်ရှုပြီး သဘာဝမြေဆွေးပြုလုပ်ရာတွင် လိုအပ်သော အီးအမ်ရည်များကို တောင်သူများထံ အခမဲ့ဖြန့်ဝေပေးအပ်သည်။

**တိရစ္ဆာန်သုံးဆေးဝါးများ ပေးအပ်**

ထို့နောက် ပြည်နယ် မျိုးစေ့ထုတ်အသင်း၏ ဆင်းသုခမျိုးစေ့ထုတ် စိုက်ခင်းအတွင်း ကောက်စိုက်သမများ ပျိုးနုတ်စိုက်ပျိုးနေမှုကို လည်းကောင်း၊ ဘားအံမြို့နယ် လှိုင်ကမ္ဘာကျေးရွာအုပ်စု ကွင်းအမှတ်-၁၁၉၂(က) ရေတံခွန်ကွင်းရှိ တောင်သူ ဦးပြုံး၏ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ ဘားအံမြို့နယ် ကော့မရမ်းကျေးရွာ ကွင်းအမှတ်-၁၁၈၉(ခ) ထမ္မလောက်ကွင်းရှိ တောင်သူ ဦးအောင်စိုးသိန်း၏ မိုးစပါးမျိုးစေ့ထုတ် စံပြစိုက်ခင်း၌ သဘာဝမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာ အချိုးကျရောနှောကြဲပက်နေမှုကိုလည်းကောင်း၊ ကော့မရမ်းကျေးရွာရှိ တောင်သူ ဦးအောင်စိုးသိန်း၏ တစ်ပိုင်တစ်နိုင်မွေးမြူရေးခြံနှင့် တောင်သူ ဦးစောချဉ်ချဉ်၏ တစ်ပိုင်တစ်နိုင် မွေးမြူရေးခြံများ၌ အသားတိုးဝက်များ မွေးမြူထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ အခမဲ့ပေးအပ်သည့် တိရစ္ဆာန်သုံးဆေးဝါးများ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ကော့မရမ်းကျေးရွာအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ကွန်ကရစ်ရေစင်ဖြင့် ရေပိုက်သွယ်တန်း၊ ရေမီတာတပ်ဆင်၍ အိမ်တိုင်ရာရောက် ကျေးလက်ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ပေးပို့သည့် ကုန်သွယ်ရေးနှင့်သက်ဆိုင်သော သဝဏ်လွှာ/စာနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

**နေပြည်တော် ဇူလိုင် ၈**

"ဒီနေ့မှာတော့ မီဒီယာများ မေးမြန်းထားတဲ့ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဆီကို ပေးပို့တဲ့ ကုန်သွယ်ရေးနဲ့ ပတ်သက်တဲ့ သဝဏ်လွှာ/စာနဲ့ပတ်သက်ပြီး ပြောကြားသွားမှာ ဖြစ်ပါတယ်။"

"စာထဲမှာတော့ မြန်မာနိုင်ငံနဲ့ ကုန်သွယ်ရေး ပြုလုပ်လိုတဲ့အကြောင်းနဲ့ ကုန်သွယ်ရေးလိုငွေများ ရှိနေတဲ့အကြောင်း၊ အကျဉ်းချုပ်ကတော့ အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ သွင်းကုန်တွေအပေါ်မှာ အခွန် ၄၀ ရာခိုင်နှုန်း စည်းကြပ်သွားမှာဖြစ်ကြောင်းနဲ့ ဒါနဲ့ပတ်သက်ပြီးလည်း မြန်မာနိုင်ငံအနေနဲ့ အမေရိကန်ပြည်ထောင်စုက သွင်းတဲ့ သွင်းကုန်တွေနဲ့ပတ်သက်ပြီးလည်း ဖြေလျှော့ပေးဖို့ ပြောကြားထားတာကို တွေ့ရပါတယ်။ ဒ့ါအပြင် အမေရိကန်နိုင်ငံမှာလည်း မြန်မာနိုင်ငံအနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်နိုင်ဖို့ ပြောကြားထားတာလည်း တွေ့ရပါတယ်။ အခွန်နှုန်းထားတွေနဲ့ ပတ်သက်ပြီး ညှိနှိုင်းနိုင်တဲ့အကြောင်း ပြောကြားထားတာလည်း တွေ့ရပါတယ်။ ဒီစာကိုလည်း ကျွန်တော်တို့ ကောင်းမွန်စွာ လက်ခံရရှိပါတယ်။ မြန်မာနိုင်ငံနဲ့ အမေရိကန်နိုင်ငံရဲ့ ကုန်သွယ်မှုပမာဏအနေနဲ့ ၂၀၂၃ ခုနှစ်-၂၀၂၄ ခုနှစ် ဘဏ္ဍာနှစ်မှာတော့ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၀၁ ဒသမ ၉ သန်းခန့်ရှိခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်-၂၀၂၅ ခုနှစ်မှာတော့ အမေရိကန် ဒေါ်လာ ၅၈၈ ဒသမ ၃ သန်းကျော်လောက် ရှိခဲ့ပါတယ်။ ဒီစာနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအစိုးရရဲ့ သဘောထားအနေနဲ့ကတော့ နံပါတ်တစ်ကတော့ အပြုသဘောဆောင်တဲ့ ညှိနှိုင်းမှု၊ ပြန်ကြားမှုတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နံပါတ်နှစ်အချက်အနေနဲ့ကတော့ ဒီညှိနှိုင်းမှုတွေကနေပြီး နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် ရလဒ်များ ရရှိမယ်လို့မျှော်လင့်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။"



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း

## ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၈**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိသံဃာတော်များနှင့်ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ မူလရွာလယ်မဟာစည် သာသနာ့ရိပ်သာ ပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၅ ပါးနှင့် ဒေသခံပြည်သူ ၁၄၈ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/ နှာခေါင်း / လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချင်းတွင်းမြစ်နှင့် ဝဝန်မြစ်တို့၏ မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဇူလိုင် ၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်ပြီး ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲကျော်တွင် ရောက်ရှိနေပြီး အဆိုပါ မြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ ဆက်လက်၍ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ ဝဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ကျော်တွင် ရောက်ရှိ နေပါသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်များနှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ကျောက်တန်းမြို့နယ် ကမာကလုတ်ကျေးရွာ၌ စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲကျင်းပ

**ကျောက်တန်း ဇူလိုင် ၈**

စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက ကျောက်တန်းမြို့နယ် ကမာကလုတ်ကျေးရွာ ကမာဆွဲပရဟိတကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးမြင့်ကျော်က အမှာစကားပြောကြားပြီး သန်လျင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဇင်အေးက ဌာနမှတက်မြောက်အောင်သင်ကြားပေးခဲ့ပြီး လုပ်ငန်းထူထောင်မည့်သူများအား ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါ စက်ချုပ်နည်းပညာသင်တန်းကို ၄၅ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးပြီး သင်တန်းသူ ၁၅ ဦးအား သင်ကြားပို့ချကြောင်း သိရသည်။

**သန့်ဇင်ထွန်း**

## မအူပင်မြို့၌ စပါးမျိုးစေ့ချစက်ဖြင့် ပျိုးထောင်ခြင်းနှင့် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ

**မအူပင် ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာရှိ ဦးပိုင်အမှတ် ၄၃/၁ ကွင်းအမှတ် ၇၅၄ တောင်သူဦးချစ်တင်၏ စိုက်ပျိုးမြေ သုံးဧက၌ ဆင်းသုခစပါးမျိုးကို ယနေ့နံနက်ပိုင်းက အမှတ် (၁၉) စက်မှုလယ်ယာစခန်း မအူပင်မြို့မှ စပါးမျိုးစေ့ချစက်(Paddy Seedling Machine) ဖြင့် ပျိုးထောင်ခြင်းနှင့် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲ ကျင်းပသည်။



ဦးစွာ ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးဌာနမှူး ဦးသန်းဇော်ဦးက စပါးမျိုးစေ့ချစက်ဖြင့် ပျိုးထောင်ခြင်းနှင့် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများနှင့် လုပ်ဆောင်မှုအဆင့်ဆင့် ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက စပါးမျိုးစေ့ချစက်ဖြင့် ပျိုးထောင်ခြင်း လက်တွေ့ဆောင်ရွက်နေမှုနှင့် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ သရုပ်ပြပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ငါးကြီးဂရက်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး သိရှိလိုသည်များ မေးမြန်းရာ အမှတ် (၁၉) စက်မှု လယ်ယာစခန်း တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်**

**(ပြန်/ဆက်)**

## ငပုတောမြို့နယ်၌ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်

**ငပုတော ဇူလိုင် ၈**

ပုသိမ်ခရိုင် ငပုတောမြို့နယ် သက္ကယ်ချောင်းကျေးရွာအုပ်စု သက္ကယ်ချောင်းကျေးရွာ၌ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲကို ဇူလိုင် ၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဖြိုးက အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို တစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး မွမ်းမံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ၁၅ ရက်ကြာ ဖွင့်လှစ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သင်တန်းမှ ထူးချွန်သူ ငါးဦး ရွေးချယ်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်၍ လုပ်ငန်းထူထောင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းသား ၁၀ ဦးဖြင့် စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တစ်နိုင်တစ်ပိုင် မွေးမြူရေး သမဝါယမစနစ်ဖြင့် တစ်ဖက်တစ်လမ်းမှ ထောက်ကူပေး

သတင်းဆောင်းပါး - နဒီမင်း၊ ဓာတ်ပုံ- ကိုအုန်း



"အိုးမကွာ အိမ်မကွာနဲ့ တစ်ဖက်တစ်လမ်းကနေ အခုလို တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ရင်း မိသားစုဝင်ငွေရလို့ အတော်လေးအဆင်ပြေလာပါတယ်" ဟုဆိုလာသူက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဂုန်ညှင်းတန်းကျေးရွာအုပ်စုတွင် နေထိုင်သည့် ဒေါ်ပြုံးပြုံးအေးပင် ဖြစ်သည်။

၎င်းနေထိုင်ရာ အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ရန် သန့်ရှင်းသပ်ရပ်စွာ စနစ်တကျ ဆောက်လုပ်ထားသည့် ဝက်မွေးမြူရေးခြံငယ်များကိုလည်း မြင်တွေ့ရမည် ဖြစ်သည်။

"မျိုးခြံက သပ်သပ်၊ မျိုးဝက်မကြီးက သပ်သပ်၊ အသားတိုးခြံက သပ်သပ်၊ ခြံသုံးခြံနဲ့ တစ်နိုင်တစ်ပိုင် စနစ်တကျမွေးထားတာပါ။ အသားတိုးရောင်းရတာ ရှိသလို သားပေါက်ကလေးတွေ ရောင်းရတာလည်း ရှိပါတယ် "ဟု ဒေါ်ပြုံးပြုံးအေးက ပြောသည်။

ကျေးလက်ဒေသတွင် နေထိုင်ကြသူများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းကို တွဲဖက်လုပ်ကိုင်လာကြသူများဖြစ်သည့်အတွက် ဝက်မွေးမြူရေးလုပ်ငန်းနှင့်လည်း ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်ကြသည်။

သို့ရာတွင် ဝက်မွေးမြူရေးကို မိမိတို့အိမ်ခြံအတွင်း ငွေစုသည့် သဘောမျိုးသာ မွေးမြူကြသူများပြီး စီးပွားဖြစ်မွေးမြူသူ မရှိသလောက် နည်းပါးလွန်းသည်ဟုဆိုရမည် ဖြစ်သည်။

"ခြံမှာက တိုက်ကြီးသမဝါယမအသင်းက ပံ့ပိုးတဲ့ ဝက်တွေရယ်၊ အသင်းပိုင်ရယ်၊ ကိုယ်ပိုင်မွေးထားတဲ့ ဝက်တွေနဲ့ဆို အကောင် ၃၀ ကျော်လောက်ရှိပါတယ်။ အရင်ကလဲ တစ်နိုင်တစ်ပိုင် မွေးခဲ့ဖူးပါတယ်။ ဆယ်စုနှစ်လောက်ကိုမွေးခဲ့တာပါ"ဟု တိုက်ကြီးမြို့နယ် ဂုန်ညှင်းတန်းကျေးရွာအုပ်စု ဂုန်ညှင်းတန်းကျေးရွာတွင် ဖွဲ့စည်းထားသည့် ပြုံးပန်းတစ်ရာ မွေးမြူရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ ဒေါ်ပြုံးပြုံးအေးက ပြောသည်။

တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများသည် နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံရေး၊ ဒေသတွင်း အစားအစာ ဈေးနှုန်းတည်ငြိမ်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့်အပြင် ကျေးလက်နေပြည်သူများအတွက် စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်သည်ဖြစ်ရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနက တိုင်းဒေသကြီးအတွင်း တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများကို အားပေးကူညီ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးမှူးရုံး၏ ကြီးကြပ်မှု၊ တိုက်ကြီးမြို့နယ် သမဝါယမအသင်း၏ ပံ့ပိုးကူညီမှုဖြင့် ဖွဲ့စည်းထားသည့် တိုက်ကြီးမြို့နယ် ပြုံးပန်းတစ်ရာ မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းရှိ ဝက်မွေးမြူရေးကို စိတ်ပါဝင်စားသည့် အသင်းသား အမျိုးသမီးများအား တစ်နိုင်တစ်ပိုင် စီးပွားရေးအနေဖြင့် လုပ်ကိုင်နိုင်ရန် ၂၀၂၄ ခုနှစ် ဩဂုတ်လမှစတင်ကာ ဝက်ဖြန်း အကောင် ၃၀ ကို ပထမဆုံးအကြိမ် မတည်ရင်းနှီးပံ့ပိုးပေးခဲ့သည်။

"ရည်ရွယ်ချက်က အမျိုးသမီးတွေ အိုးမကွာ အိမ်မကွာနဲ့ ဝင်ငွေရရှိစေချင်တယ်၊ ဝက်မွေးဖို့ အရင်းအနှီးမရှိတဲ့ အသင်းသားတွေကို စုစည်းပြီး အသင်းဖွဲ့တယ်။ ပိုက်ဆံထောက်ပံ့တာမျိုး မဟုတ်ဘူး၊ ဝက်တွေကို အကောင်လိုက်ဝယ်ပြီး မတည်ပေးလိုက်တာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး သမဝါယမ ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က ပြောသည်။

**"တစ်နိုင်တစ်ပိုင်ဝက်မွေးမြူရေးကို စိတ်ဝင်စားတဲ့သူတွေ တကယ်မွေးချင်တဲ့သူတွေ ဒေသမှာရှိတဲ့ သမဝါယမအသင်းနဲ့ ချိတ်ဆက်ဆောင်ရွက်လို့ရပါတယ်။ အခုလောလောဆယ် ကျောက်တန်းနဲ့ တိုက်ကြီးမှာ နှစ်သင်းရှိပါတယ်။ သမဝါယမစနစ်နဲ့ ဆောင်ရွက်ပြီး တကယ်လုပ်ချင်တဲ့သူတွေကို တတ်နိုင်သမျှပံ့ပိုးပေးဖို့ အဆင်သင့်ရှိပါတယ်"**

ဝက်မွေးမြူရေးကို မိသားစုတစ်နိုင်တစ်ပိုင် စီးပွားရေးအတွက် ဦးတည်ဆောင်ရွက်ခြင်းကြောင့် စီးပွားရေးအကျိုးအမြတ်ရရှိရေး အလေးထားဆောင်ရွက်ရမည်ဖြစ်သည့်အတွက် နည်းစနစ်တကျ မွေးမြူလုပ်ကိုင်ရန်လိုအပ်သကဲ့သို့ မျိုးကောင်းမျိုးသန့် ရွေးချယ်မွေးမြူရန်လည်း လိုအပ်သည်။

သို့အတွက် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးမှူးရုံး၏ ကြီးကြပ်မှုဖြင့် တိုက်ကြီးမြို့နယ် သမဝါယမအသင်းက တစ်နိုင်တစ်ပိုင် ဝက်မွေးမြူရေးလုပ်ကိုင်လိုသည့် အသင်းသား အမျိုးသမီးများအား မျိုးကောင်းမျိုးသန့် ဝက်ဖြန်းများကို ခြောက်လတစ်ကြိမ် ပံ့ပိုးပေးလျက်ရှိသည်။

"အခုဆို နှစ်ကြိမ်ရှိပါပြီ။ ပထမတစ်ကြိမ်တုန်းက ဝက်ဖြန်းတစ်ကောင်ကို သုံးသိန်းနဲ့ အကောင် ၃၀ ငွေအားဖြင့်ဆို ကျပ်သိန်း ၉၀၊ ဒုတိယအကြိမ်မှာ ဝက်ဖြန်းက တစ်ကောင်ကို လေးသိန်းနှုန်း ဖြစ်သွားတော့ အကောင် ၃၀ ကိုပဲ ကျပ်သိန်း ၁၂၀ နဲ့ ပံ့ပိုးပေးနိုင်ခဲ့ပါတယ်"ဟု တိုက်ကြီးမြို့နယ် သမဝါယမ ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအုန်းထွန်းက ပြောသည်။

ဝက်သည် ကြီးထွားနှုန်းမြန်သည့် တိရစ္ဆာန်ဖြစ်သည်။ ဝက်များကြီးထွားနှုန်း၊ သားပေါက်နှုန်းနှင့် ကျန်းမာရေးကောင်းမွန်ရန်အတွက် စနစ်တကျ မွေးမြူခြင်း၊ အစာအာဟာရကောင်းမွန်စွာ ကျွေးမွေးခြင်း၊ ရောဂါမကျရောက်အောင် ကာကွယ်ခြင်းစသဖြင့် စနစ်တကျဆောင်ရွက်ပါက အချိန်တိုကာလအတွင်း စီးပွားရေးအကျိုးအမြတ်ကို ဖော်ဆောင်နိုင်သောလုပ်ငန်းဖြစ်သည်။

"ဝက်မွေးဖို့ အရင်းလဲမပူရဘူး။ သမဝါယမက ပံ့ပိုးတဲ့အခါကျတော့ တစ်ကောင်တည်း မွေးတဲ့သူတောင် ခြောက်လပြည့်လို့ ပြန်ရောင်းတဲ့အချိန်မှာ အစာဖိုး၊ ရေဖိုးနုတ်လိုက် အနည်းဆုံး လေးသိန်းကနေ ငါးသိန်းကြားကျန်တယ်၊ ငွေဖြစ်မြန်တယ်" ဟု ဝက်မွေးမြူရေးလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

အမြတ်အစွန်း မြန်မြန်ရသည့် တစ်နိုင်တစ်ပိုင် ဝက်မွေးမြူရေးကို စိတ်ဝင်စားသူ အသင်းသားမဟုတ်သူများကလည်း ပြုံးပန်းတစ်ရာ မွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းသို့ ဝင်ရောက်လာကြသည်။

ယခုလက်ရှိ ဒုတိယအကြိမ် ဝက်မွေးမြူရေးလုပ်ကိုင်ရာတွင် ပထမအကြိမ် မွေးမြူရေးလုပ်ခဲ့စဉ်က ရရှိထားသည့် အမြတ်အစွန်းငွေဖြင့် ဝယ်ယူထားသည့် အသင်းပိုင်ဝက် ငါးကောင်၊ တိုက်ကြီးမြို့နယ် သမဝါယမမှ ထောက်ပံ့သည့် ဝက်ဖြန်းကောင်ရေ အကောင် ၃၀ အပြင် အသင်းသားများ၏ ကိုယ်ပိုင်ဝက် ၃၇ ကောင် စုစုပေါင်း ၇၂ ကောင်ဖြင့် လုပ်ဆောင်နေကြပြီဖြစ်ရာ ခြေလှမ်းအစမှာပင် အနာဂတ်အတွက် မျှော်လင့်ချက် အားတက်စရာအခြေအနေ တစ်ခုဟုဆိုလျှင် မှားမည်မထင်ပေ။

ထို့ပြင် တစ်နိုင်တစ်ပိုင် ဝက်မွေးမြူသူများအတွက် အသားအထွက်နှုန်းကောင်းမွန်ပြီး ကြီးထွားနှုန်းမြန်သည့် အရည်အသွေးမီအစာများရရှိရေး အစာထုတ်လုပ်သည့် ကုမ္ပဏီများနှင့် ချိတ်ဆက်ခြင်း၊ ကျန်းမာသန်စွမ်းသည့် ဝက်များ စနစ်တကျ မွေးမြူနိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့နှင့် ပူးပေါင်းကာ ဝက်မွေးမြူရေးသင်တန်းများ ပို့ချခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုက်ကြီးမြို့နယ် သမဝါယမဦးစီးဌာနမှ သိရသည်။

အမျိုးသမီးများ အိုးမကွာအိမ်မကွာ လုပ်ကိုင်နိုင်ပြီး မိသားစုဝင်ငွေ တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနိုင်သည့်အပြင် ပြည်တွင်းစားနပ်ရိက္ခာလိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်ပြီး ဈေးကွက်အတွင်း အသားဈေး တည်ငြိမ်ရေးအတွက် အထောက်အကူဖြစ်စေမည့် တစ်နိုင်တစ်ပိုင် ဝက်မွေးမြူရေးလုပ်ငန်းများ ဒေသတွင်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရန် လိုအပ်သည်။

သို့အတွက် ရန်ကုန်တိုင်းဒေသကြီး သမဝါယမ ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က "တစ်နိုင်တစ်ပိုင်ဝက်မွေးမြူရေးကို စိတ်ဝင်စားတဲ့သူတွေ တကယ်မွေးချင်တဲ့သူတွေ ဒေသမှာရှိတဲ့ သမဝါယမအသင်းနဲ့ ချိတ်ဆက်ဆောင်ရွက်လို့ရပါတယ်။ အခုလောလောဆယ် ကျောက်တန်းနဲ့ တိုက်ကြီးမှာ နှစ်သင်းရှိပါတယ်။ ရှေ့ဆက်ပြီးလည်း နွားမွေးမြူရေးပဲဖြစ်ဖြစ်၊ ဝက်မွေးမြူရေးပဲဖြစ်ဖြစ် သမဝါယမစနစ်နဲ့ ဆောင်ရွက်ပြီး တကယ်လုပ်ချင်တဲ့သူတွေကို တတ်နိုင်သမျှပံ့ပိုးပေးဖို့ အဆင်သင့်ရှိပါတယ်"ဟု ပြောကြားခဲ့သည်။ ။

## ကန်နီကျေးရွာ၌ ဆန်အလှူတော် မဟာမင်္ဂလာ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၈

ဒေါ်ခင်မာဦး (အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ သုခမ္မမဏိဇောတရေ ဦးလူအေးနှင့် မအေးမြတ်မြတ်မိုး မိသားစုတို့၏ ရေတွင်းကုသိုလ်တော်၊ ရွာလုံးကျွတ် အာဟာရဒါန ကုသိုလ်တော်နှင့် အိမ်ခြေ ၁၈၀ အတွက် ဆန်အလှူတော် မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ် ကန်နီရွာကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဧည့်ပရိသတ်များက ကန်နီကျေးရွာ သက်တော်ရှည် ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော် သံဃာတော်များအား လှူဖွယ်



ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူကြပြီး ရွာလုံးကျွတ် အာဟာရဒါန ကုသိုလ်တော်နှင့် အိမ်ခြေ ၁၈၀ အတွက် ဆန်များ ပေးအပ်လှူဒါန်းကြသည်။

သတင်းစဉ်

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်တွင်းထုတ်ကုန်များကို အလွယ်တကူဝယ်ယူရောင်းချနိုင်သည့် MSME by G3G Application Launching မိတ်ဆက်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၈**

ပြည်တွင်းထုတ်ကုန်များကို အလွယ်တကူဝယ်ယူရောင်းချနိုင်သည့် MSME by G3G Application Launching မိတ်ဆက်ပွဲ အခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ MSME လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးနှင့် Golden Gate Global Myanmar Pte., Ltd.မှ CEO တို့က MSME By G3G Application ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက MSME by G3G application နှင့် UAB Bank မှ UAB MMQR နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြကာ ခင်းကျင်းပြသထားသော MSME ထုတ်ကုန်ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။(ယာပုံ)

ယခင်က စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ပြည်တွင်းထုတ်ကုန်များနှင့် MSME လုပ်ငန်းရှင်များ ရောင်းချခဲ့သော G3G Mart သည် ယခုအခါ MSME by G3G application အဖြစ် customers များထံ ရောက်ရှိလာခြင်းဖြစ်ပြီး G3G application ကို အသုံးပြု၍ MSME ထုတ်ကုန်များကို အလွယ်တကူဝယ်ယူရောင်းချနိုင်မည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ သီတဂူဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)၏ သီတဂူစက္ခုဒါနအဆင့်မြင့်ဆေးရုံကြီး၌ အနယ်နယ်အရပ်ရပ်မှ မျက်စိဝေဒနာရှင်များအား (၁၃) ကြိမ်မြောက် (အခမဲ့)ကုသပေးနေမှုကို ကြည့်ရှုပြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ သီတဂူဆရာတော်ကြီးအား



ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးရာတွင် လိုအပ်သည့်နေရာများ၌ အသုံးပြုနိုင်ရေး အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ၊ ကျောင်းပြင်ပပညာရေးလုပ်ငန်းတာဝန် ပေးအပ်ပွဲနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ရှင်းလင်းပြသခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့်နည်းပြဆရာဖြစ်သင်တန်းသို့ တက်ရောက်

**ထားဝယ် ဇူလိုင် ၈**

တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် တိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် တိုင်းရင်းသားလူငယ်များအတွက် အခြေခံစက်ချုပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ထားဝယ်မြို့ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။



ထို့နောက် ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ပညာရေးဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ထားဝယ်မြို့နယ်နှင့် မြိတ်မြို့နယ်တို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများထံ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းတာဝန်လွှာများနှင့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရန် ချီးမြှင့်ငွေကျပ် သိန်း ၂၀၀ ကို ပေးအပ်သည်။

ယင်းနောက် ဆရာ ဆရာမများက ပညာရေးဝေးသည် မရှိပါ သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး တိုင်းဒေသကြီး NFPE ကြီးကြပ်ရေးမှူးက ကျောင်းပြင်ပပညာရေး ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ကျောင်းသား ကျောင်းသူများက ကလေးများအတွက် ဒီနေ့ သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

မူလတန်းအဆင့် ကျောင်းပြင်ပ ပညာရေးသင်ကြားမှု အစီအစဉ်တွင် လာရောက်ပညာသင်ကြားသူ ၁၃၀၀ ခန့်ရှိပြီး တစ်ပတ်လျှင် ၆ ရက် မွန်းလွဲ ၃ နာရီမှ ညနေ ၅ နာရီခွဲအထိ သင်ကြားပေးသွားမည် ဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ထားဝယ်မြို့တော်ခန်းမ၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ရှင်းလင်းပြသခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် နည်းပြဆရာဖြစ် သင်တန်းတွင် စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက် တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်ကိုင်တွယ်ပုံ၊ လက်တွေ့စမ်းသပ်သရုပ်ပြမဲပေးပုံ၊ မဲရုံခင်းကျင်းပုံတို့နှင့် စပ်လျဉ်း၍ လက်တွေ့ သရုပ်ပြသမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။(အပေါ်ဝဲပုံ)

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း အသားငါးမွေးမြူထုတ်လုပ်မှုနှင့် စားသုံးဆီတိုးတက်ထုတ်လုပ်နိုင်ရေးကြိုးပမ်း

**နေပြည်တော် ဇူလိုင် ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇူလိုင် ၆ ရက်က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း အသားငါးမွေးမြူထုတ်လုပ်မှုတိုးတက်ရေး၊ ဆီထွက်သီးနှံနှမ်း၊ နေကြာ စိုက်ဧကတိုးချဲ့ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။



ညနေပိုင်းတွင် အောင်မြေသာစံမြို့နယ် မွေးမြူရေး သုတေသနစခန်း (မန္တလေး) ၌ ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံနှင့် သရက်ကုန်း ငါးလုပ်ငန်းစခန်းမှ တာဝန်ရှိသူများ၊ မွေးမြူရေး သုတေသနစခန်းတာဝန်ခံများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တိုင်းရင်းငါးမျိုးစိတ်များအား မျိုးထိန်းသိမ်းရန်၊ မျိုးပြန့်ပွားရေးနှင့် ငါးမျိုးစိတ်အလိုက် အစာအမျိုးအစား လိုအပ်ချက်ဆိုင်ရာ သုတေသနများ ဆောင်ရွက်ရန်၊ ငါးမျိုးစိုက်ထည့်မှုနှင့် ငါးသားပေါက်ဖြန့်ဖြူးမှုတို့ကို သတ်မှတ်လျာထားချက်အတိုင်း ပြည့်ဝစွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားပြီး ငါးကန်များ၊ ငါးသားဖောက်ထုတ်လုပ်မှု၊ မျိုးငါးများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုသိမ်ကြီးမြို့နယ် ကုလားမတောင်ကျေးရွာရှိ ရွှေအိုးနို့စားနွား မွေးမြူရေးခြံ၌ နို့စားနွားများ မွေးမြူထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်နေမှုနှင့် အမရပူရမြို့နယ်ရှိ နတ်ရေကန်ငါးလုပ်ငန်းစခန်း၌ မျိုးငါးများ မွေးမြူထားရှိမှု၊ ငါးမျိုးရောင်းချမှု၊ ငါးမျိုးစိုက်ထည့်မှုနှင့် မန္တလေးငလျင်ကြောင့် ရုံးအဆောက်အအုံများ ထိခိုက်ပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စဉ့်ကိုင်မြို့နယ် ရွာနိုင်တောင်ကွင်းရှိ အာရှသားဆီစက်လုပ်ငန်း၌ ပဲပုပ်ကုန်ကြမ်းစုဆောင်းခြင်း၊ သန့်စင်ခြင်း၊ အခြောက်လှန်းခြင်း၊ စက်ဖြင့်သန့်စင်ခြင်း၊ ဆီကြိတ်ခြင်း၊ ထုပ်ပိုး၍ ဈေးကွက်သို့ ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဩဂုတ် ၁၀ ရက်တွင် တီမောအသင်း၊ ဩဂုတ် ၁၃ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာရှဖလားအမျိုးသမီး ခြေစစ်ပွဲအပြီး လေ့ကျင့်မှု ရက်ပိုင်းရပ်နားကာ ဇူလိုင် ၁၀ ရက်တွင် ပြန်လည်လေ့ကျင့်ရန် စီစဉ်နေခြင်းဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား ယုကီတက်ဆုရိုက ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး အာရှဖလားအမျိုးသမီးခြေစစ်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကို အခြေခံကာ ဖွဲ့စည်းမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ဇူလိုင် ၁၉ ရက်မှ ၃၀ ရက်အထိ တရုတ်နိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး တရုတ် ယူ-၂၀ အသင်း၊ တရုတ် အမျိုးသမီးကလပ်အသင်း အပါအဝင် ခြေစမ်းပွဲ သုံးပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

**ဓာတ်ပုံ-သော်လေး**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# မိုးများသဖြင့် မန်းရွှေစက်တော်ဘုရားရင်ပြင်တော် ဒုတိယအကြိမ် ချောင်းရေဖြတ်ကျော်စီးဆင်း

**မင်းဘူး ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ယခုရက်ပိုင်း မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျချောင်းရေစီးဝင်မှုကြောင့် ယနေ့နံနက်ပိုင်းတွင် မန်းရွှေစက်တော်ဘုရားကြီးရှိ အောက်စက်တော်ရာ ရင်ပြင်အထက် မန်းချောင်းရေများ ဒုတိယအကြိမ် ဖြတ်ကျော်စီးဆင်းလျက်ရှိကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ထံမှ သိရသည်။

ရွှေစက်တော် မန်းချောင်းအတွင်း ဇူလိုင် ၇ ရက် ညနေပိုင်းမှ စတင်ကာ ချောင်းရေများ တဖြည်းဖြည်း တိုးမြင့်ဝင်ရောက်စီးဆင်းလျက်ရှိပြီး ယခုလက်ရှိ အောက်စက်တော်ရာ နဂါးအိုင်ဘက်ခြမ်းမှစ၍ ရင်ပြင်တော်အထက်သို့ မန်းချောင်းရေများ စတင်ဝင်ရောက်ကြောင်း၊ မန်းရွှေစက်တော်ဘုရားအထက်ပိုင်းတွင် နေ့စဉ်မိုးရွာသွန်းသဖြင့် တောင်ကျချောင်းရေများက ပန်းထိမ်းမန်းချောင်းနှင့် ငဖဲမန်းချောင်းအတွင်းသို့ စီးဆင်းဝင်ရောက်ကာ အဆိုပါမန်းချောင်းများမှတစ်ဆင့် ရွှေစက်တော်မန်းချောင်းအတွင်းသို့ဖြတ်သန်းစီးဆင်းရာမှသည် မင်းဘူး(စကု)မြို့နယ်မှ ဧရာဝတီမြစ်အတွင်းသို့ စီးဆင်းဝင်ရောက်လျက်ရှိကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

ယခုအကြိမ်မှာ ဒုတိယအကြိမ်ချောင်းရေကျော်ခြင်းဖြစ်ပြီး ပြီးခဲ့သည့်လ ၂ ရက်နေ့ကလည်း မန်းချောင်းရေမှာ အောက်စက်တော်ရာ ရင်ပြင်အထက် တစ်ပေခန့်မြင့်တက်ခဲ့သေးကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



# မိုင်းဆတ်မြို့နယ်၌ ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းဖောက်လုပ်ရေး ကွင်းဆင်းစစ်ဆေး

**မိုင်းဆတ် ဇူလိုင် ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၌ ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျလင်း၊ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအေးလွင်နှင့် တာဝန်ရှိသူများက ယမန်နေ့တွင် ပူနားကို - အားဆော်ပေါ်မိုး ကျေးရွာချင်းဆက်လမ်း အရှည် ၁ ဒသမ ၆၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ၁၃ လက်မရှိ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မိုင်းဆတ်မြို့နယ်အတွင်း အဆိုပါကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ် ရန်ပုံငွေ ကျပ် ၁၆၅ ဒသမ ၇၈၅ သန်းဖြင့် တင်ဒါအောင်မြင်သည့်လုပ်ငန်းက တာဝန်ယူဖောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**ဇင်မာ**



# ကျိုင်းတုံ၌ အခွန်ဆိုင်ရာအသိပညာပေး

**ကျိုင်းတုံ ဇူလိုင် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ အခွန်ပညာပေးရှင်းလင်းပွဲကို ဇူလိုင် ၅ ရက်က ပြည်တွင်းအခွန်ဦးစီးဌာန၊ ကျိုင်းတုံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် ကျင်းပရာ မြို့နယ်အခွန်ဦးစီးမှူး ဒေါ်ကေသွယ်ကျော်က အခွန်ဆိုင်ရာသိကောင်းစရာများနှင့် ပြေစာများတွင် အခွန်တံဆိပ်ကပ်နှိပ်ခြင်းများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်း၍ တာဝန်ရှိသူများက ဖြေကြားပေးကြောင်း သိရသည်။

**အောင်ဇင်မြင့် (ပြန်/ဆက်)**



# သာစည်မြို့နယ်၌ အီလက်ထရောနစ်မဲပေးစက်ကိုင်တွယ်နည်းသင်တန်း ပထမအကြိမ်ဖွင့်လှစ်

**သာစည် ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်နှင့် မြို့နယ်ပညာရေးမှူး ဦးလှထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးအောင်ကျော်စိုးက မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် လက်တွေ့သရုပ်ပြသခဲ့ကြပြီး တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ သင်တန်းအမှတ်စဉ် (၁) တွင် သင်တန်းသား ၇၁ ဦးတက်ရောက်ပြီး ဇူလိုင် ၇ ရက်မှ ၃၀ ရက်အထိ သင်တန်းစုစုပေါင်း ၁၀ ကြိမ်၊ သင်တန်းသား သင်တန်းသူ ၇၀၃ ဦးတို့အား ပို့ချသင်ကြားပေးမည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ကျောင်းအခြေပြု ငလျင်၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး

**ရန်ကုန် ဇူလိုင် ၈**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းအခြေပြု ငလျင်၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ယမန်နေ့က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးသူမောင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီထွန်းက ငလျင်ဖြစ်ပွားရခြင်းအကြောင်းရင်းများ၊ ငလျင်ကြောင့် ပျက်စီးဆုံးရှုံးနိုင်မှုများ၊ နောက်ဆက်တွဲငလျင်များအကြောင်း ဆွေးနွေးဟောပြောသည်။ ဆက်လက်၍ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူများက ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများကို လက်တွေ့သရုပ်ပြပြီး လေ့ကျင့်ကြကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**



# အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက်စာကြည့်တိုက်၌ အာဇာနည်နေ့အကြိုစာပေဟောပြော

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ပိန္နဲကုန်းရပ်ကွက် စာကြည့်တိုက်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့အကြို စာပေဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဇူလိုင် ၆ ရက်က စာကြည့်တိုက်တွင်ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်နိုင်၊ စာရေးဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)နှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးတင်ငွေအောင် (ရန်မိုးအောင်-အင်းစိန်) တို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)မှ တာဝန်ရှိသူများ၊ စာကြည့်တိုက်နှင့် စာပေအသင်းအဖွဲ့များမှ ဆရာကြီး ဆရာမကြီးများ တက်ရောက်၍ မျိုးချစ်စိတ်ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အာဇာနည်နေ့ဆိုင်ရာဗဟုသုတရဖွယ်များကို ဆွေးနွေးဟောပြောပြီး အလှူရှင်များက စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များလှူဒါန်းသည်။

**ဉာဏ်လင်း**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၂ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၃ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၈**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိရာ ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၃ ဦး၊ အိန္ဒိယနိုင်ငံသားရှစ်ဦးနှင့် ကမ္ဘောဒီးယားနိုင်ငံသားတစ်ဦး စုစုပေါင်း ၂၂ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၂၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက အဆိုပါ လွှဲပြောင်းပေးအပ်မည့် ပြည်ပနိုင်ငံသားများကို




သက်ဆိုင်ရာနိုင်ငံများသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိစေရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် အချက်အလက် အထောက်အထားစာရင်းဇယားများ မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးမှ Counsellor Mr. Keam Sarat နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ လူဝင်မှုကြီးကြပ်ရေးအရာရှိ Mr. Handwiyuto နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-ရွှေကုက္ကိုလ် ဝမ်ခနယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၇ ဦး၊ အီသီယိုးပီးယားနိုင်ငံသား သုံးဦး၊ အိန္ဒိယနိုင်ငံသား သုံးဦး၊ စုစုပေါင်းပြည်ပနိုင်ငံသား ၂၃ ဦး ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၂၂၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၀၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကော့သောင်းမြို့၌ စုပေါင်းသွေးလှူဒါန်း

**ကော့သောင်း ဇူလိုင် ၈**

ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင် ဦးဆောင်မှုဖြင့် ကော့သောင်းခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ သီးခြားတပ်ဖွဲ့စုများမှ တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကော့သောင်းမြို့ ပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်သည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းနေမှုကို နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့**
**သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

## လှိုင်သာယာ - ဒလ - တွံတေးကားလမ်းဘေးဝဲယာ၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**တွံတေး ဇူလိုင် ၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တမံကြီးကျေးရွာအုပ်စု တမံကြီးကျေးရွာ တွံတေး-လှိုင်သာယာကားလမ်းဘေး ဝဲ/ယာမိုင်တိုင်(၅/၄ မှ ၆/၀)၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၇ နာရီက ကျင်းပသည်။

အခမ်းအနားသို့ တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး မျိုးသန့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးထွန်းအာကာနှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပြည်သူများ စုစုပေါင်းအင်အား ၃၀၀ က မန်ကျည်းပင် ၈၀၀၊ မဟော်ဂနီပင် ၅၀၊ ပျဉ်းမပင် ၅၀၊ ငုရွှေဝါပင် ၅၀၊ ခရေပင် ၅၀ စုစုပေါင်း အပင် ၁၀၀၀ တို့ကို စိုက်ပျိုးခဲ့ပြီး ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်(စတုတ္ထအကြိမ်)အား စိုက်ပျိုးခဲ့ကြောင်း သိရသည်။



**မျိုးလှိုင်(တွံတေး)**

## အိမ်မဲမြို့၌ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကျောက်ချောခင်းခြင်း ကွင်းဆင်းစစ်ဆေး



**အိမ်မဲ ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျွဲလမ်းကမ်းနား-ထိန်ငူလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် သုတကျော်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် တကူဆိပ်-သရွတ်ကြီးလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းများကို ဇူလိုင် ၇ ရက်တွင် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ဦးစီးမှူးနှင့်အတူ QC တာဝန်ခံတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ် (ပြန်/ဆက်)**

## ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ကြွေပြားကပ်ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၈**

ကြွေပြားကပ်ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု ကျယ်ပြန့်စေရေးအတွက် အရှေ့တောင်အာရှ၏ ပထမဆုံးသော Crocodile Tiler X ပြိုင်ပွဲကို ဇူလိုင် ၁၂ ရက်တွင် ရန်ကုန်မြို့ရှိ Pan Pacific Hotel ၌ ကျင်းပမည်ဖြစ်သည်။

ယနေ့ခေတ် ဆောက်လုပ်ရေးလုပ်ငန်းများ၏ အဓိကလိုအပ်ချက်ဖြစ်သော ကြာရှည်ခိုင်ခံ့ပြီး နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် အရည်အသွေးမြင့် ကြွေပြားကပ်ကော်ဘိလပ်မြေများကို စနစ်တကျ အသုံးပြုရန် ဒေသတွင်းကျွမ်းကျင်ပညာရှင်များအား အသိပညာပေးသွားမည်ဖြစ်သည်။ ထို့အပြင် ပြည်တွင်းကြွေပြားကပ်ပညာရှင်များ၏ စွမ်းရည်ကို နိုင်ငံတကာအဆင့်မြှင့်တင်ရန်နှင့် ပညာရှင်များပေါ်ထွက်လာရေး အသက်မွေးဝမ်းကျောင်းအလုပ်အကိုင် မြှင့်တင်ရေးတို့အတွက် အခွင့်အလမ်းများကို ဖော်ဆောင်ပေးခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် နိုင်ငံတကာကျွမ်းကျင်ပညာရှင်စံနှုန်းများနှင့်အညီ ၎င်းတို့၏ နည်းစနစ်၊ မြန်ဆန်မှု၊ တိကျမှုနှင့် လုပ်ငန်းခွင်ဘေးကင်းရေး ဆောင်ရွက်မှု စသည့်အချက်အလက်တို့အပေါ် စိစစ်အကဲဖြတ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအသီးသီးမှ ပထမဆုရရှိသူများကို ထိုင်းနိုင်ငံရှိ Jorakay ကော်ပိုရေးရှင်းရုံးချုပ်တွင် နိုင်ငံတကာအဆင့်မီ ကြွေပြားကပ်နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုများကို လေ့လာသင်ယူရန်၊ နည်းပညာနှင့် လုပ်ငန်းစံနှုန်းအသိအမြင်များကို ဖလှယ်ရန်အတွက် လုပ်ငန်းခွင် အရည်အသွေးမြှင့်တင်ရေးအစီအစဉ်သို့ ဖိတ်ခေါ်သွားမည်ဖြစ်သည်။

ထို့အပြင် ဆုရရှိသူများသည် Jorakay စက်ရုံများ၊ ဆိုင်များနှင့် ပြတိုက်တို့ကို လေ့လာကြည့်ရှုနိုင်မည်ဖြစ်ပြီး ထိုင်းဓလေ့ရိုးရာယဉ်ကျေးမှုမျိုးစုံကို လေ့လာနိုင်မည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲများကို ဗီယက်နမ်နိုင်ငံ (ဟိုချီမင်းမြို့)၌ ဩဂုတ် ၁၆ ရက်၊ ဗီယက်နမ်နိုင်ငံ (ဟန္နိုင်း)မြို့၌ စက်တင်ဘာ ၁၃ ရက်၊ လာအိုနိုင်ငံ(ဗီယင်ကျန်း)မြို့၌ စက်တင်ဘာ ၆ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ၁၄ နိုင်ငံအား သွင်းကုန်ခွန်တိုးမြှင့် စည်းကြပ်ထားမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာနိုင်ငံများသို့ သဝဏ်လွှာ/အကြောင်းကြားစာများပေးပို့

**နေပြည်တော် ဇူလိုင် ၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မြန်မာ၊ ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ ကာဇက်စတန်၊ တူနီးရှား၊ ဘော့စနီးယား ဟာဇီဂိုးဗီးနား၊ တောင်အာဖရိက၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဆားဘီးယား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအိုနှင့် စုစုပေါင်း နိုင်ငံ ၁၄ နိုင်ငံအား သွင်းကုန်ခွန် တိုးမြှင့်စည်းကြပ်ထားမှုနှင့်ပတ်သက်၍ ဇူလိုင် ၇ ရက်နေ့တွင် သက်ဆိုင်ရာ နိုင်ငံများသို့ သဝဏ်လွှာ/အကြောင်းကြားစာများ ပေးပို့ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ပေးပို့ရာတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ပေးပို့သည့် သဝဏ်လွှာ/အကြောင်းကြားစာ၌ အမေရိကန်သည် မြန်မာနှင့်ကုန်သွယ်ရေးတွင် ကုန်သွယ်မှုလိုငွေပြလျက်ရှိသော်လည်း ကုန်သွယ်မှုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မျှတမှုရှိသည့် ကုန်သွယ်မှုကို ဆောင်ရွက်ရန် ဆုံးဖြတ်ထားကြောင်း၊ မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ တင်ပို့သည့် မည်သည့်ပို့ကုန်အမျိုးအစားမဆို အခွန် ၄၀ ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ကုမ္ပဏီများက အမေရိကန်နိုင်ငံအတွင်း စက်မှုလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မှုနှင့် ကုန်သွယ်ခွန်အတွက် ညှိနှိုင်းနိုင်မှုတို့ကို ဖော်ပြထားကြောင်း သတင်းရရှိသည်။ **ဆင်ဟွာ**


THE WHITE HOUSE
WASHINGTON

July 7, 2025

His Excellency
Min Aung Hlaing
Chairman of the State Administrative Council and Commander and Chief of the Republic of the Union of Myanmar
Nay Pyi Taw

Dear Mr. Chairman:

It is a Great Honor for me to send you this letter in that it demonstrates the strength and commitment of our Trading Relationship, and the fact that the United States of America has agreed to continue working with Myanmar, despite having a significant Trade Deficit with your great Country. Nevertheless, we have decided to move forward with you, but only with more balanced, and fair, TRADE. Therefore, we invite you to participate in the extraordinary Economy of the United States, the Number One Market in the World, by far. We have had years to discuss our Trading Relationship with Myanmar, and have concluded that we must move away from these longterm, and very persistent, Trade Deficits engendered by Myanmar's Tariff, and Non Tariff, Policies and Trade Barriers. Our relationship has been, unfortunately, far from Reciprocal. Starting on August 1, 2025, we will charge Myanmar a Tariff of only 40% on any and all Burmese products sent into the United States, separate from all Sectoral Tariffs. Goods transshipped to evade a higher Tariff will be subject to that higher Tariff. Please understand that the 40% number is far less than what is needed to eliminate the Trade Deficit disparity we have with your Country. As you are aware, there will be no Tariff if Myanmar, or companies within your Country, decide to build or manufacture product within the United States and, in fact, we will do everything possible to get approvals quickly, professionally, and routinely — In other words, in a matter of weeks.

If for any reason you decide to raise your Tariffs, then, whatever the number you choose to raise them by, will be added onto the 40% that we charge. Please understand that these Tariffs are necessary to correct the many years of Myanmar's Tariff, and Non Tariff, Policies and Trade Barriers, causing these unsustainable Trade Deficits against the United States. This Deficit is a major threat to our Economy and, indeed, our National Security!

We look forward to working with you as your Trading Partner for many years to come. If you wish to open your heretofore closed Trading Markets to the United States, and eliminate your Tariff, and Non Tariff, Policies and Trade Barriers, we will, perhaps, consider an adjustment to this letter. These Tariffs may be modified, upward or downward, depending on our relationship with your Country. You will never be disappointed with The United States of America.

Thank you for your attention to this matter!

With best wishes, I am,

Sincerely,

DONALD J. TRUMP
PRESIDENT OF THE UNITED STATES OF AMERICA

## တောင်အာဖရိကနိုင်ငံက တစ်ရက်အတွင်း သစ်ပင်ပေါင်း တစ်သန်းစိုက်ပျိုးမည်

**ဂျိုဟန်နစ္စဘတ် ဇူလိုင် ၈**

တောင်အာဖရိကနိုင်ငံသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု လျော့ပါးစေရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရေး၊ စားရေရိက္ခာဖူလုံမှုရှိစေရေး ရည်ရွယ်ကာ စက်တင်ဘာ ၂၄ ရက် တစ်ရက်တည်းတွင် သစ်ပင်ပေါင်း တစ်သန်းစိုက်ပျိုးသွားမည့် အစီအစဉ်တစ်ရပ်ကို ဇူလိုင် ၇ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော်ဖြစ်သည့် ပရီတိုးရီးယားရှိ အမျိုးသားရုက္ခဗေဒဥယျာဉ်တွင် သစ်တော၊ ငါးလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဒုတိယဝန်ကြီး ဘားနိစ်ဆွတ်စ်က လတ်တလောတွင် သစ်ပင်ပေါင်း တစ်သန်းစိုက်ပျိုးမည့်နေ့အတွက် လုပ်ငန်းစီမံခန့်ခွဲမှုများကို အပြီးသတ် လုပ်ဆောင်လျက်ရှိကြောင်း ပြောသည်။

ထို့အပြင် ပြည်သူလူထုသည် အပူလှိုင်းဖြစ်ခြင်း၊ ရေကြီးရေလျှံမှုဖြစ်ပွားခြင်း၊ ကာလရှည်မိုးခေါင်ရေရှားမှုများကို တွေ့ကြုံနေကြရကြောင်း၊ ထို့ကြောင့် အဆိုပါ ဖြစ်ရပ်မျိုးကို တုံ့ပြန်နိုင်ရန် သစ်ပင်စိုက်ခြင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန် လိုအပ်ကြောင်း ထပ်လောင်းပြောသည်။

သမ္မတ ခရေးလ်ရာမာဖိုဆာသည် ၂၀၂၆ ခုနှစ်တွင်ပြီးဆုံးမည့် ငါးနှစ်တာသက်တမ်းကာလအတွင်း တောင်အာဖရိက နိုင်ငံတစ်ဝန်း သီးပင်စားပင်နှင့် ဒေသမျိုးရင်းသစ်ပင်ပေါင်း ၁၀ သန်း စိုက်ပျိုးရန် ညွှန်ကြားထားကြောင်း ဆွတ်စ်က ပြောသည်။ သစ်ပင်များစိုက်ပျိုးခြင်းသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ဖြေရှင်းဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေပြီး ဒေသခံပြည်သူလူထုအတွက်လည်း သစ်သီးဝလံများ ပံ့ပိုးပေးရာရောက်ကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ**





## ကမ္ဘောဒီးယား၌ ယခုနှစ် ပထမနှစ်ဝက်အတွင်း မိုးကြိုးပစ်မှုကြောင့် ၃၁ ဦးသေဆုံး

**ဖနောင်ပင် ဇူလိုင် ၈**

ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ် ပထမနှစ်ဝက်အတွင်း မိုးကြိုးပစ်မှုကြောင့် လူပေါင်း ၃၁ ဦး သေဆုံးပြီး ယမန်နှစ် အလားတူကာလက ၄၅ ဦး သေဆုံးမှုနှင့် နှိုင်းယှဉ်လျှင် ၃၁ ရာခိုင်နှုန်း ကျဆင်းလာကြောင်း ဘေးအန္တရာယ် ထိန်းချုပ်ရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ဇူလိုင် ၈ ရက်တွင် ပြောသည်။

ယခုနှစ်တွင် လက်ရှိအချိန်အထိ သေဆုံးသူများထဲတွင် အမျိုးသမီး ၁၁ ဦးနှင့် ကလေးငယ်သုံးဦးပါဝင်ကြောင်း အမျိုးသားဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ ဆော့သ်ကင်ကိုးလ်မွန်နီက ပြောသည်။ မိုးကြိုးပစ်မှုကြောင့် သေဆုံးသူများအပြင် ၅၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန် ၇၁ ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

စီယမ်ရိ၊ ဘတ်တမ်ဘောင်၊ ဘန်တေမီယန်ချီနှင့် ပယားစီဟန့် နေ့ခ်ပြည်နယ်တို့သည် မိုးကြိုးပစ်ခံရမှု အများဆုံးဖြစ်သည်။ မိုးကြိုးပစ်မှု အန္တရာယ်ကို ရှောင်ရှားနိုင်ရန် အထူးသဖြင့် ကျေးလက်ဒေသတွင်နေထိုင်သော ပြည်သူများအနေဖြင့် မိုးသက်မုန်တိုင်းကျရောက်သည့် အချိန်တွင်နေအိမ်သို့မဟုတ်အမိုးအကာအောက်တွင် နေထိုင်သင့်သည်ဟု ကိုးလ်မွန်နီက ပြောသည်။

ယခုနှစ် ပထမနှစ်ဝက်အတွင်း မိုးကြိုးပစ်ခံရမှုကြောင့် သေဆုံးသူများအပြင် မီးလောင်မှုကြောင့် ၂၂ ဦး သေဆုံးပြီး မုန်တိုင်းကြောင့် ငါးဦးသေဆုံးကြောင်း ၎င်းက ဆက်ပြောသည်။ **ဆင်ဟွာ**

## အာဖဂန်နစ္စတန်နိုင်ငံ၏ လူဦးရေ ၃၆ သန်းကျော် ရှိလာ

**ကဘူးလ် ဇူလိုင် ၈**

အာဖဂန်နစ္စတန်နိုင်ငံ၏ လူဦးရေသည် ၃၆ ဒသမ ၄ သန်းရှိကြောင်း အမျိုးသားစာရင်းအင်းနှင့် သတင်းအချက်အလက်အာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် ဟာဟင်ရာဖီက ခန့်မှန်းထားသည်။

နိုင်ငံ့လူဦးရေ၏ ၅၁ ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်ပြီး ကျန် ၄၉ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာ တိုလိုနယူးစ်၏ ဖော်ပြချက်အရ သိရသည်။

အာဖဂန်နစ္စတန် နိုင်ငံ၏ မြို့တော်ကဘူးလ်တွင် လူဦးရေ ၆ ဒသမ ၁ သန်းရှိပြီး ၃ ဒသမ ၁ သန်းမှာ အမျိုးသားများဖြစ်ကာ ၃ ဒသမ ၀ သန်းမှာ အမျိုးသမီးများ ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဟားမားစ်တို့နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ၈၀ မှ ၉၀ ရာခိုင်နှုန်းအထိ ရရှိထားပြီဟု အစ္စရေးအရာရှိပြောကြား

**တဲလ်အဗစ် ဇူလိုင် ၈**

ဟားမားစ်တို့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ၈၀ မှ ၉၀ ရာခိုင်နှုန်းအထိ ရရှိထားပြီးဖြစ်သော်လည်း စေ့စပ်ညှိနှိုင်းမှုသည် နောက်ထပ်ရက်အနည်းငယ်ကြာနိုင်သည်ဟု အစ္စရေးအစိုးရ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားလိုက်သည်။

### သွယ်ဝိုက်ဆွေးနွေးမှုများ ပြုလုပ်

ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ ပြန်လွှတ်ပေးရေးအတွက် ကာတာနိုင်ငံ၌ အစ္စရေးနှင့် အစ္စလာမ္မစ်အဖွဲ့တို့ကြား တစ်ဆင့်ခံ သွယ်ဝိုက်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

### ဆန္ဒမရှိကြောင်း ပြသ

ရက်ပေါင်း ၆၀ ကြာ အပစ်အခတ်ရပ်စဲရေး ပြီးဆုံးသွားပြီးနောက်ပိုင်း ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေစဉ်အတွင်း အစ္စရေးတို့အနေဖြင့် တိုက်ပွဲများ ပြန်လည်မစတင်နိုင်စေရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးရာတွင် ကုလသမဂ္ဂ၏ ဦးဆောင်မှုပြန်လည်ရရှိစေရန် ဟားမားစ်တို့က ကြိုးစားလျက်ရှိသည်။ သို့သော် အစ္စရေးတို့က အဆိုပါတောင်းဆိုမှုများကို လက်ခံရန် ဆန္ဒမရှိကြောင်း ပြသခဲ့သည်။

### အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကိုလိုချင်

ဂါဇာအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အလားအလာနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဟားမားစ်တို့အနေဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လိုချင်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အာဇာနည်ဗိမာန်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

(၁) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်လက္ခဏာများ ဖြစ်ပွားနေပါက အခမ်းအနားသို့ လာရောက်ခြင်းမပြုရန်၊

(၂) အာဇာနည်နေ့အခမ်းအနား ကျင်းပနေစဉ်တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း အစရှိသော ကိုဗစ်-၁၉ ရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများခံစားရပါက ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ရန်၊

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ကျန်းမာရေးဆိုင်ရာ အသိပေးချက်၊ သတိပေးချက်များအား လိုက်နာရန်။

**(၇၈) နှစ်မြောက်အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ကမ္ဘာ့လူဦးရေနေ့

လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့

From Data to Development: Using Census For Socio-Economic Advancement

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

**ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ် လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး (ဝန်ကြီးများရုံး) ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

**အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေး ကြေညာချက်**







**အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း(၁၀)မျိုးစာရင်း**






## လှည်းကူးမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ အခွန်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ကုဋ္ဌေထွန်းက အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးဌာနမှူး ဦးသိန်းထိုက်ဦးက အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော အခွန်ထမ်းပြည်သူများက အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး အခမ်းအနားသို့ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများ စုစုပေါင်း ၁၀၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **အေးအေးနွဲ့**

## ပြည်မြို့နယ်၌ အခွန်အသိပညာပေး ရှင်းလင်းဆွေးနွေး



**ပြည် ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၊ ရွှေတောင်မြို့နယ်နှင့် ပန်းတောင်းမြို့နယ်တို့မှ စုပေါင်း၍ ပြည်မြို့ သီရိခေတ္တရာမြို့တော်ခန်းမ၌ ယမန်နေ့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပရာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်မြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးလှဌေးဦးက ပြည်တွင်းအခွန်ဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်ဆိုင်ရာအကြောင်းများနှင့် ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာအကြောင်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

## ဟုမ္မလင်း၌ အမှိုက်များစနစ်တကျအမျိုးအစားခွဲခြားစွန့်ပစ်နည်း သရုပ်ပြပွဲပြုလုပ်

**ဟုမ္မလင်း ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက အမှိုက်များစွန့်ပစ်ရာတွင် စနစ်တကျ ခွဲခြားစွန့်ပစ်တတ်စေရန်ရည်ရွယ်၍ အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်နည်း သရုပ်ပြပွဲကို



အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ပြုလုပ်ခဲ့သည်။

ထိုသို့ပြုလုပ်ရာတွင် ဟုမ္မလင်းမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှဌေးနွယ်က အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်၊ ဘေးအန္တရာယ်ရှိအမှိုက်ပုံးများ အရောင်ခွဲခြားသတ်မှတ်ထားမှုများနှင့် ပတ်သက်၍လည်းကောင်း၊ အမှိုက်ပုံးတွင် တပ်ထားသောအမည်များနှင့်လိုက်၍ စွန့်ပစ်ရမည့်အမှိုက်အမျိုးအစားများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားပြီး လက်တွေ့သရုပ်ပြသခဲ့သည်။

အဆိုပါ သရုပ်ပြပွဲသို့ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများတက်ရောက်ပြီး တက်ရောက်လာသူများအား အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်းနည်း အသိပညာပေးလက်ကမ်းစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်းသိရသည်။ **ဟုမ္မလင်း(ပြန်/ဆက်)**



## အလုံခရိုင်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်

**ရန်ကုန် ဇူလိုင် ၈**

၂၀၂၅ ခုနှစ် ခရိုင်အဆင့်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက အလုံမြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်သည်။ **(အပေါ်ပုံ)**

ဦးစွာ အနောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်က အနောက်ပိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းသိန်းထံသို့ ပျိုးပင်များကိုပေးအပ်ရာ ခရိုင်ဥက္ကဋ္ဌက ထပ်မံ၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့များသို့ ပျိုးပင်များကို ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် အနောက်ပိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများက စိုက်ပျိုးခဲ့ကြသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## အုတ်ဖိုမြို့၌ ကျောင်းပြင်ပမူလတန်းပညာရေး (NFPE)ဖွင့်ပွဲ အခမ်းအနားကျင်းပ

**အုတ်ဖို ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် မိုးညိုတန်းရပ်ကွက် ချမ်းမြသာမြေမြို့သစ် (အ.လ.က)ချမ်းမြသာမြေ၌ ယမန်နေ့က ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေး (NFPE) ဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝေလင်းက အမှာစကားပြောကြားပြီး အမှတ် (၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး (အငြိမ်းစား) ဆရာကြီးဦးမြင့်ဆွေက ကျောင်းပြင်ပမူလတန်းပညာရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်ယဉ်ယဉ်လှိုင်က ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေး (NFPE) နှင့်ပတ်သက်၍ ဆောင်ရွက်ထားသည်များကို ရှင်းလင်းပြောကြားသည်။ **အောင်သူ (အုတ်ဖို)**



## ဘားအံမြို့၌ အမျိုးသမီးများဝင်ငွေတိုးတက်ရေး စက်ချုပ်နည်းပညာသင်တန်း(ပထမအကြိမ်)ဖွင့်

**ဘားအံ ဇူလိုင် ၈**

စက်ချုပ်နည်းပညာ သင်တန်း (ပထမအကြိမ်) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ဘားအံမြို့နယ် နောင်ကမြိုင်ကျေးရွာ၌ ကျင်းပရာ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကြူကြူလှိုင်က သင်တန်းဖွင့် အမှာစကား ပြောကြားပြီး ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး ကော်မတီအဖွဲ့ခေါင်းဆောင်က သင်တန်းသားတစ်ဦးအား သင်တန်းသုံးကုန်ကြမ်းပစ္စည်းများ ပေးအပ်ခဲ့သည်။



အဆိုပါ သင်တန်းကို သင်တန်းသား သင်တန်းသူ ၁၀ ဦးဖြင့် ဇူလိုင် ၇ ရက်မှ ဩဂုတ် ၅ ရက်အထိ စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြင့် တစ်လကြာ သင်ကြားပေးမည်ဖြစ်ပြီး စက်ချုပ်နည်းပညာသင်တန်း (ဒုတိယအကြိမ်) သင်တန်းကိုလည်း ထပ်မံဖွင့်လှစ်ပေးမည်ဖြစ်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"သစ္စာရှိလက်နက်မဲ့ Non CDM ဝန်ထမ်းတွေကို ခြိမ်းခြောက်သတ်ဖြတ်နေတဲ့ ဝရမ်းပြေးနိုင်ငံမဲ့ NUG၊ CRPH နဲ့ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက် ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဒလန်၊ သတင်းပေး၊ သူလျှိုစတဲ့ စွပ်စွဲချက်မျိုးစုံနဲ့ ပြည်သူနဲ့ နိုင်ငံ့ဝန်ထမ်းများစွာကို သတ်ဖြတ်နေတဲ့ NUG လက်အောက်ခံအကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၆ ရက်တွင် ကော့သောင်းမြို့ ရွှေဟသ်ာရပ်ကွက် ရွာမလမ်း အမှတ်(4A, 45-1)ရှိ ဂိုဒေါင်တစ်လုံးအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၉၈၀၀၀၀)ကိုလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရေခဲစက်လမ်းရှိ ကမ်းနားဂိုဒေါင်တစ်လုံးအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၁၀၀၀၀၀) ကိုလည်းကောင်း၊ ဇူလိုင် ၇ ရက်တွင် မြိတ်မြို့ နောက်လယ်ရပ်ကွက် အမှတ်(၁၂၄)ရှိ "တော်ဝင်ဆောင်း" စက်ပစ္စည်းနှင့် ကုန်မာဆိုင်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၂၇၇၅၀၀၀၀) ကိုလည်းကောင်း၊ မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် လှိုင်းသစ်သမလမ်းရှိ "ထူး" ကုန်မာဆိုင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၅၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၅၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သာကေတဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၇၁၃၇၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Shwe Yoon San ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၆၉၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၁၀၀၀၆၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မိုးကုတ်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၂၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀၀) ကို လည်းကောင်း၊ အမရပူရမြို့နယ် နတ်ရေကန်ရွာ တပ်မတော်လုံခြုံရေးဂိတ်၌ မိတ္ထီလာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၉၃၆၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၉၃၉၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၀ မိုင် ၂ ဖာလုံ၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၇၉၂၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Asia Star Bus တစ်စီး၊ Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၇၉၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၇ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်၌တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ရှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၄၂ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၂၉၃၉၆၅၀)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## လယ်ဝေးမြို့နယ်နှင့် မြိတ်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇူလိုင် ၈**

နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၇ ရက် ညနေ ၄ နာရီတွင် လယ်ဝေးမြို့နယ် လယ်ဝေးမြို့မ ရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သာဝတ္တိဂိတ်ဟောင်း၌ ယာဉ်စစ်ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ပျဉ်းမနားမြို့ဘက်မှ ရေနီမြို့ဘက်သို့ ပျဉ်းမနားမြို့နယ် သပြေလှကျေးရွာနေ ကောင်းမြတ် (၃၀)နှစ် မောင်းနှင်ပြီး လယ်ဝေးမြို့နယ် ပြောင်ခေါင်းလေးကျေးရွာနေ ဟန်ဇာမင်းသိန်း (၁၉) နှစ် လိုက်ပါစီးနင်းလာသည့် YGN-13 1M-xxxx HONDA FIT အနက်ရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကောင်းမြတ်၊ ဟန်ဇာမင်းသိန်း တို့နှစ်ဦးအား သာဝတ္တိနယ်မြေ ရဲစခန်း (ပ)၃၁/၂၀၂၅၊ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈/၁၀ ဖြင့်လည်းကောင်း၊အလားတူ ညနေ ၄ နာရီ မိနစ် ၄၀ တွင် မြိတ်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မြိတ်မြို့ ကျောက်ဖြူတောင် ကျေးရွာအနီး၌ ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် မြိတ်မြို့နယ် တုံဗျောငယ်ကျေးရွာနေ ရဲလွင်စိုး(၄၆)နှစ် မောင်းနှင်လာသည့် YGN-7G-xxxx MITSUBISHI CANTER အဖြူရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ် ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ရဲလွင်စိုးအား မြိတ်မြို့မရဲစခန်း(ပ) ၁၄၃/၂၀၂၅၊ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ဖြင့်အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**






လယ်ဝေးမြို့နယ်နှင့် မြိတ်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူမှုမှ မှတ်တမ်းဓာတ်ပုံများ။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇူလိုင် ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "@Wai hnin" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့ သဝန်ငယ်ရပ်ကွက်နေ ဝေနှင်းအား နံနက် ၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Nyan Lin Htet (Nyan Gyi)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရေဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပေါက်ပင်ကွင်းကျေးရွာနေ ညာဏ်လင်းထက်အား နံနက် ၁၀ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကော့မှူး၌ လျှင်ဘေးအန္တရာယ်အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်

**ကော့မှူး ဇူလိုင် ၈**

လျှင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း အ.ထ.က (ကော့မှူး)၌ ကျင်းပသည်။

ဦးစွာ အ.ထ.က(ကော့မှူး)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှအေးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးအောင်က လျှင်ဘေး အန္တရာယ်ကြီးမား ပုံ၊ လျှင်ဘေးဖြစ်ပါက လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့် အချက်များ၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းများကို ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းအပါအဝင် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းစဉ်များ၊ သဘာဝဘေးအန္တရာယ် တစ်ခုခုကျရောက်သည့်အခါ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်ရေး



ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ဟောပြောခဲ့ပြီး လျှင်ဘေး အန္တရာယ် သရုပ်ပြလေ့ကျင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

## ဝါဆိုလပြည့်နှင့်ဓမ္မအသိ ဆွေးနွေးပွဲ သန်လျင်၌ကျင်းပ




**ရန်ကုန် ဇူလိုင် ၈**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်းကျင်းပသော ဝါဆိုလပြည့်ဓမ္မအသိဆွေးနွေးပွဲကို ယနေ့နံနက် ၁၀နာရီက သန်လျင်မြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရွှေရည်ဝင်းကျော်နှင့် မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ဦးသော်ဝင်းကြည် (သော်ဝင်းကြည်-ရေနံချောင်း)တို့က "ဝါဆိုလပြည့်ဓမ္မအသိ"ဆိုင်ရာ ဗုဒ္ဓမြတ်စွာဘုရား ဟောပြောဆုံးမခဲ့သည့် အကြောင်းအရာများ၊ ဗုဒ္ဓဘာသာကောင်းတစ်ယောက်ဖြစ်ရန် ပြုမူနေထိုင်သင့် သည့်အကြောင်းအရာများ၊ ဝါဆိုလပြည့်၏ ထူးမြတ်သည့်အကြောင်းအရာများကို ဓမ္မအသိနှင့်ယှဉ်ကာ အပြန်အလှန် ဆွေးနွေးကြကြောင်းသိရသည်။ **သန့်ဝင်း(သန်လျင်)**

## ခရမ်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှုများ ကွင်းဆင်းဆောင်ရွက်



**ခရမ်း ဇူလိုင် ၈**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ ဇူလိုင် ၇ ရက်တွင် မြို့နယ်အခွန်ဦးစီးဌာနမှူးဦးဦးထွန်းကျော်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့်မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ခရမ်းမြို့နယ် အတွင်းရှိ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသော ဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" ဟူသော ကြေညာချက် ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**ခရမ်း(ပြန်/ဆက်)**

## ကွမ်းခြံကုန်းမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေဆိုင်ရာ အသိပညာပေး

**ကွမ်းခြံကုန်း ဇူလိုင် ၈**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေ ရှင်းလင်းမျှဝေခြင်း အခမ်းအနားကို ကွမ်းခြံကုန်းမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်ဇော်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေနှင့်ပတ်သက်သော အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ ရည်ရွယ်ချက်များ၊ ဝန်ကြီးဌာန၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ဦးစီးဌာန၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ကျေးလက်ဒေသနေပြည်သူများ၏တာဝန်နှင့်ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များအား ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ တက်ရောက်လာသူများကမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

## ဇလွန်မြို့နယ် ဝန်ထမ်းအင်အားသမဝါယမအသင်း၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ဇလွန် ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ဝန်ထမ်းအင်အား ငွေစုငွေချေး သမဝါယမအသင်း၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က မြို့နယ်သမဝါယမ ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ဇလွန်မြို့နယ် ဝန်ထမ်းအင်အား ငွေစုငွေချေး သမဝါယမအသင်း၏ သဘာပတိနှင့် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်စိုးအေးတို့က အမှာစကား ပြောကြားသည်။ ယင်းနောက် တက်ရောက်လာသော အသင်းဝင် ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးတင်ပြပြီး ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းများကို အတည်ပြုချက်ရယူခဲ့ပြီး အဆိုပါအသင်းမှ အသင်းသား ၁၁၉၃ ဦးအတွက် အစုပေါ် အမြတ်ငွေကျပ် ၁၃ ဒသမ ၆ သိန်း၊ အစုနှင့် ရင်းနှီးငွေပေါ် အကျိုးအမြတ်ငွေကျပ် ၉၃ ဒသမ ၇၇ သိန်းနှင့် ထည့်ဝင်ငွေပေါ် အကျိုးအမြတ်အဖြစ် ငွေကျပ် ၁၇၈ ဒသမ ၈၇ သိန်း စုစုပေါင်း ငွေကျပ် ၂၈၆ ဒသမ ၂၄ သိန်းကို ပြန်လည်ထုတ်ပေးကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## သထုံမြို့နယ်၌ အခြေခံလူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်

**သထုံ ဇူလိုင် ၈**

သထုံခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံလူသုံးကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က သထုံမြို့နယ် ပေါ်တော်မူကျေးရွာရှိ ရွှေဆံတော်စေတီတော်မြတ်ကြီး ရွှေဓမ္မာရုံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်စိုးက အမှာစကား ပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခွန်ထွန်းထွန်းလှက စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က လုပ်ငန်းသုံးပစ္စည်းများ၊ သင်တန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး ဆပ်ပြာရည်၊ ဆပ်ပြာခဲ၊ ခေါင်းလျှော်ရည်အမျိုးမျိုး၊ Scrub နှင့် ဆပ်ပြာခရင်မ်အမျိုးမျိုးတို့ကို ၇ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ရွှေပြည်သာမြို့နယ်၌ စွန့်ပစ်ပစ္စည်းများ ခွဲခြားစွန့်ပစ်ခြင်းအသိပညာပေးဟောပြော

**ရွှေပြည်သာ ဇူလိုင် ၈**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စွန့်ပစ်ပစ္စည်းများခွဲခြားစွန့်ပစ်ခြင်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရွှေပြည်ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေပြည်သာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ မြို့နယ်ပညာရေးမှူးဦးဝင်းနိုင်တို့က အမှာစကားများ ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးမှသန့်ရှင်းရေးတာဝန်ခံ ဦးဇာနည်ထွန်းက စွန့်ပစ်ပစ္စည်းများအားခွဲခြားစွန့်ပစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြောက်ပိုင်းခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်ဇော်ဦးကစွန့်ပစ်ပစ္စည်းများ ခွဲခြားစွန့်ပစ်ခြင်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။

**နေမျိုးထွန်း(ရွှေပြည်သာ)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို ချွေတာပါ။**
**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ**
**ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၂)ရန်ကုန်
## ဆေးပညာပါရဂူဘွဲ့ သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၂)ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည် -

**ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| ၁ | ပါရဂူဘွဲ့ (ခန္ဓာဗေဒ) | Ph. D (Anatomy) | ၃ နှစ် |
| ၂ | ပါရဂူဘွဲ့ (ဇီဝကမ္မဗေဒ) | Ph. D (Physiology) | ၃ နှစ် |
| ၃ | ပါရဂူဘွဲ့ (ဇီဝဓာတုဗေဒ) | Ph. D (Biochemistry) | ၃ နှစ် |
| ၄ | ပါရဂူဘွဲ့ (အဏုဇီဝဗေဒ) | Ph. D (Medical Microbiology) | ၃ နှစ် |
| ၅ | ပါရဂူဘွဲ့ (ဆေးဝါးဗေဒ) | Ph. D (Pharmacology) | ၃ နှစ် |

**ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေဆေးပညာ) | Dr.Med.Sc (General Medicine) | ၃ နှစ် |
| (၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေခွဲစိတ်ကုပညာ) | Dr.Med.Sc (General Surgery) | ၃ နှစ် |
| (၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သားဖွားမီးယပ်ပညာ) | Dr.Med.Sc (Obstetrics & Gynaecology) | ၃ နှစ် |
| (၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးကျန်းမာပညာ) | Dr.Med.Sc(Paediatrics) | ၃ နှစ် |
| (၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုးရောဂါပညာ) | Dr.Med.Sc ( Orthopaedics) | ၃ နှစ် |
| (၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (နှလုံးရောဂါပညာ) | Dr.Med.Sc(Cardiology) | ၃ နှစ် |
| (၇) | ဆေးလက်တွေ့ပါရဂူဘွဲ့(အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဆေးပညာ) | Dr.Med.Sc (Respiratory Medicine) | ၃ နှစ် |
| (၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့် အာရုံကြောဆေးပညာ) | Dr.Med.Sc (Neurology) | ၃ နှစ် |
| (၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) | Dr.Med.Sc (Neurosurgery) | ၃ နှစ် |
| (၁၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်ရောဂါပညာ) | Dr.Med.Sc (Nephrology) | ၃ နှစ် |
| (၁၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်း ရောဂါခွဲစိတ်ကုပညာ) | Dr.Med.Sc (Urology) | ၃ နှစ် |
| (၁၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ) | Dr.Med.Sc(Gastroenterology) | ၃ နှစ် |
| (၁၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသည်းရောဂါပညာ) | Dr.Med.Sc (Hepatology) | ၃ နှစ် |
| (၁၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါပညာ) | Dr.Med.Sc (Clinical Haematology ) | ၃ နှစ် |
| (၁၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ) | Dr.Med.Sc (Hand Surgery) | ၃ နှစ် |
| (၁၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မီးယပ်ဆိုင်ရာ ကင်ဆာရောဂါပညာ) | Dr.Med.Sc (Gynaecological Oncology ) | ၃ နှစ် |
| (၁၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျိုးပွားမှုဆိုင်ရာဆေးပညာ) | Dr.Med.Sc (Reproductive Health) | ၃ နှစ် |
| (၁၈) | ဆေးလက်တွေ့ပါရဂူဘွဲ့(မေ့ဆေးပညာ) | Dr.Med.Sc (Anaesthesiology) | ၃ နှစ် |
| (၁၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓာတ်မှန်ပညာ) | Dr.Med.Sc (Radiology) | ၃ နှစ် |
| (၂၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျက်စိရောဂါပညာ) | Dr.Med.Sc (Ophthalmology) | ၃ နှစ် |
| (၂၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (နား၊နှာခေါင်း၊လည်ချောင်း၊ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုပညာ) | Dr.Med.Sc (Otorhinolaryngology, Head and Neck Surgery) | ၃ နှစ် |
| (၂၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဥပဒေရေးရာဆေးပညာ) | Dr.Med.Sc (Medical Jurisprudence) | ၃ နှစ် |
| (၂၃) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးပညာ) | Dr.Med.Sc (Rehabilitation Medicine) | ၃ နှစ် |
| (၂၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဟော်မုန်းရောဂါများအထူးကုပညာ) | Dr.Med.Sc (Endocrinology) | ၃ နှစ် |
| (၂၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (စိတ်ကျန်းမာပညာ) | Dr.Med.Sc (Mental Health) | ၃ နှစ် |
| (၂၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အပူပိုင်းကူးစက်ရောဂါပညာ) | Dr.Med.Sc (Tropical & Infectious Disease) | ၃ နှစ် |
| (၂၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါဗေဒ) | Dr.Med.Sc (Haematopathology) | ၃ နှစ် |
| (၂၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသားမျှင်ရောဂါဗေဒ) | Dr.Med.Sc (Histopathology) | ၃ နှစ် |
| (၂၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓာတုရောဂါဗေဒ) | Dr.Med.Sc (Chemical Pathology) | ၃ နှစ် |
| (၃၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးနှလုံးရောဂါဆေးပညာ) | Dr.Med.Sc (Pediatric cardiology) | ၃ နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပါရဂူဘွဲ့/ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများအားလုံးအတွက် သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့(သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူ ဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် သက်ဆိုင်ရာဘာသာရပ် မဟာသိပ္ပံဘွဲ့ ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) ပြည်ပ၌မိမိအစီအစဉ်ဖြင့်ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန် သင်တန်းလျှောက်ထားလာပါက ပါရဂူဘွဲ့[ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ(သွေးရောဂါဗေဒ၊ အသားမျှင်ရောဂါဗေဒ၊ ဓာတုရောဂါဗေဒ)၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာ]သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၃)နှစ်ရှိရမည်။ ကျန်ပါရဂူဘွဲ့သင်တန်းများအတွက် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက် (၄)နှစ်ရှိရမည်။

(င) ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးနှလုံးရောဂါဆေးပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(စ) ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဆ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) ဘွဲ့ (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဇ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းရောဂါ ခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

( ဈ ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ဟော်မုန်းရောဂါများအထူးကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ည) ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါဗေဒ၊ အသားမျှင်ရောဂါဗေဒ၊ ဓာတုရောဂါဗေဒ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ) ဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဋ) ဆေးလက်တွေ့ပါရဂူဘွဲ့ (လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ) ဘွဲ့ ရရှိထားသူ ဖြစ်ရမည်။

(ဌ) ဆေးလက်တွေ့ပါရဂူဘွဲ့ (အပူပိုင်းကူးစက်ရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)ဘွဲ့ ရရှိထားသူများ ဖြစ်ရမည်။

(ဍ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဎ) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ (၂၉-၈-၂၀၂၅)ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ် စာမေးပွဲ(၂)နာရီမေးခွန်းကိုဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ် စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၅။ လျှောက်လွှာကိုသက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးမှ နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်း မရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်း မပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၂)ရန်ကုန် ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ (၁၆-၁၀-၂၀၂၅)ရက် (ကြာသပတေးနေ့) ဖြစ်ပါသည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ်၁၀၀၀၀/- (ကျပ်တစ်သောင်း) တိတိကို ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ မြောက်ဥက္ကလာပဘဏ်ခွဲ၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD - ၀၁၀၂၃၃ သို့ ပေးသွင်းရမည်။

(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ မြောက်ဥက္ကလာပဘဏ်ခွဲ၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD - ၀၁၀၂၃၃ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီးမှ တက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ(မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ/မပြုသည်ဖြစ်စေ) သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၂)ရန်ကုန် ဖုန်းနံပါတ်- (၀၉-၆၈၇၀၀၇၇၂၇၊ ၀၉-၆၈၇၆၀၈၆၈၂) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ Website: https://www.um2ygn.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၂)ရန်ကုန်**

**ပတ်စ်ပို့ပျောက်**

ကျွန်မ မစန်းသဇင် (၈/ရစက (နိုင်)၂၃၇၆၆၆) ၏ နိုင်ငံကူး လက်မှတ်အမှတ် MH 717352 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၇၆၈ ၂၃၉ ၂၆၁

**ပျောက်ဆုံးကြောင်း**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဒန့်ဒလွန်ကျေးရွာအုပ်စု၊ ငွေ့ကြီးကျေးရွာနေ ဦးဝင်းရှိန် ၏သား မောင်မြသောင်း ၈/မသန(နိုင်)၀၇၃ ၀၀၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-09 401 558 982

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 78W/8775, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးရာဇာမျိုး ၁၄/ကလန(နိုင်)၁၉၄၃၁၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 60W/51715, HONDA SCOOPY-110 ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်စိုး ၅/ရဥန(နိုင်)၀၅၈၁၇၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၆ယ/၉၇၂၀၁ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဦး ၁၀/မဒန(နိုင်)၁၀၂၀၆၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆၁ယ/၉၂၈၅၃ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဦး ၁၀/မဒန(နိုင်)၁၀၂၀၆၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**စစ်ကိုင်းခရိုင် တရားရုံးတော်၌**

**၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၇**

၁။ ဒေါ်တင်စိန်
၂။ ဒေါ်ခင်ချိုမြင့်
နှင့်
၁။ ဒေါ်အုန်း (၎င်းကိုယ်တိုင်နှင့် ၂၊ ၃၊ ၄၊ ၅ တရားပြိုင်များ၏ အခွင့်ရကိုယ်စားလှယ်)
၂။ ဒေါ်ခင်ချိုဦး
၃။ ဒေါ်ခင်စောကြူ
၄။ တပ်ကြပ်ကြီးစိုးဝင်း(ခ)စိုးစိုး
၅။ ရဲတပ်ကြပ် ဝင်းအောင်
၆။ ဦးမြင့်အောင်
၇။ ဦးတင်မောင်ဦး
၈။ ဒေါ်မိုးမိုးခိုင်
၉။ ဦးထွန်းဦး၊
၁၀။ ဒေါ်သီတာ
၁၁။ မအေးမြင့်မော်
၁၂။ မမေဇော်ဖူး
(ကွယ်လွန်သူ (၁)တရားပြိုင် ဦးကျောက်လုံး၏ တရားဝင် ကိုယ်စားလှယ်များ)

**တရားလိုများ** **တရားပြိုင်များ**

စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်၊ အလ္လကပ္ပကျေးရွာနေ ၈။ တရားပြိုင် ဒေါ်မိုးမိုးခိုင် (ဘ)ဦးကျောက်လုံး (ယခုနေ ရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ် တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(သင်းသင်းလွင်)**
**ခရိုင်တရားသူကြီး**
**စစ်ကိုင်းခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးတက္ကသိုလ်၊ ပဉ္စမနှစ်(ဥပဒေ)မှ မောင်အောင်ကျော်စိုး ၉/ဥတသ(နိုင်) ၀၀၄၆၃၅၏ဖခင် ဦးငယ် ၉/ပမန (နိုင်)၂၆၀၆၈နှင့် ဦးကိုငယ်မှာ တစ်ဦးတည်းဖြစ်ပြီး မိခင် ဒေါ်တုပ် ၉/ဥတသ (နိုင်)၀၀၄၇၄၄နှင့် ဒေါ်တုပ်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးသန့်စိုးဝင်း၏သား တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အထက(စက်မှုဇုန်) GRADE-7(B) မှ မောင်ဝင်းမြတ်ဟိန်းအား ယနေ့မှစ၍ မောင်ဝင်းမြတ်မင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဉာဏ်ဝင်း ၁၃/အတန(နိုင်)၀၁၃၅၂၅၏ ပတ်စ်ပို့နံပါတ် MH-980604မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၇၇၆၅၄၁၅၈၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြယာရိုးရပ်ကွက်၊ စုပေါင်းလမ်း၊ အကွက်အမှတ်-၆၊ မြေကွက်အမှတ်(၆၆၄/A)၊ ရာမဏီတောင်ကွင်း၊ ဦးပိုင်အမှတ်-၁၅၆/၂ တွင် တည်ရှိသော ဒေါ်နန်းသင်းသင်းဆွေ (၁၂/ရပသ(နိုင်) ၀၉၃၅၈၃) အမည်ပေါက် မြေကွက်အတွင်းတည်ရှိသော အလျား ၂၀ ပေ x အနံ ၁၂၀ပေ ရှိ မြေကွက်ကို မိမိတစ်ဦးတည်း ပိုင်ဆိုင်ကြောင်း ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်နန်းသင်းသင်းဆွေထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဝိုင်းရွှေရည်လှိုင် (၁၂/မဂဒ(နိုင်)၁၅၈၉၉၄)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်ပက်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၈၀) အမှတ်(၇/က)**
**ဓမ္မရောင်ခြည်ကျောင်းလမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၃၀၁၇၁၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၅၈၅၈၆, Honda Wave-125, M/C ယာဉ် လက်ဝယ်ရှိသူ ဦးခင်ဇော်ဝင်း ၆/မမန (နိုင်)၁၅၁၅၇၄က ယာဉ် မှတ်ပုံတင် စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၀၂၈၀, Honda Dream-125 M, M/C ယာဉ် လက်ဝယ်ရှိသူ ဦးအောင်ကိုရှိန် ၆/ထဝန (နိုင်)၀၉၆၇၀၇က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး**
**(ထားဝယ်)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ငှက်တောင်မြို့ပြစီမံကိန်း ဧရိယာ(၁)၊ ဦးပိုင်အမှတ်(ဆ/၅)၊ ဧရိယာ (၀.၁၁၀)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်မှာ ဦးဝင်းကိုကို အမည်ပေါက်ဖြစ်ပြီး ၎င်းမြေကွက်အား ကျွန်တော် ဦးခင်အောင် မှ (၃၀-၉-၂၀၂၂) ရက်စွဲဖြင့် အရောင်းအဝယ်ပြုလုပ်၍ လက်ရောက်လွှဲပြောင်း ဝယ်ယူပိုင်ဆိုင်သည့် မြေကွက်ဖြစ်ပါသည်။

ယခုအခါ ယင်းမြေကွက်နှင့်ပတ်သက်၍ မှတ်ပုံတင်စာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ရောင်းချသူ ဦးဝင်းကိုကို (ဘ) ဦးဝင်းမော် (၉/မရက (နိုင်)၀၅၄၂၂၅) အား သွားရောက်စုံစမ်းရှာဖွေသည့်အခါ ၎င်းမှာ မှတ်ပုံတင်စာချုပ် ချုပ်ဆိုမှုအား ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း ငြင်းဆိုသဖြင့် လည်းကောင်း၊ ကျွန်တော့်အား အတွေ့မခံ တိမ်းရှောင်လျက်ရှိသဖြင့် လည်းကောင်း၊ ဤကြေညာစာ ပါရှိသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း နောက်ဆုံးထား၍ ဆက်သွယ်ဆောင်ရွက်ပေးပါရန် ဦးဝင်းကိုကို နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်အောင် (ဘ) ဦးတင်ညွှန့်**
**၁၂/စခန(နိုင်)၀၆၄၂၈၆**
**တိုက်(၁၉)၊ အခန်း(၄)၊ ဝေဠုဝန်အိမ်ရာ၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)**

**ချမ်းမြသာစည်မြို့နယ်တရားရုံး**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၄၃**

၁။ ဒေါ်မိမိလှိုင်(ခ)ဒေါ်အေးမြင့် **နှင့်** ဦးသောင်းညွှန့်
၂။ ဦးဇေယျာထွန်း (၎င်း၏အထူးကိုယ်စားလှယ်စာ
၃။ ဦးညီညီဇော်ထက် ရသူ ဦးအောင်ငွေး)

**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(င-၆)၊ မြို့သစ်(၃) ရပ်ကွက်နေ ဦးသောင်းညွှန့် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးအောင်ငွေး) (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်မိမိလှိုင်(ခ)ဒေါ်အေးမြင့် ပါ-၃က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ် (င-၆)၊ ဦးပိုင်အမှတ်(၁၅၄)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့် အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၂၃ရက်၊ (၁၃၈၇ခုနှစ်၊ ဝါဆိုလဆုတ် ၁၄ရက်)မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်ကအမည်ရေးသား ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(သင်းသင်းလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အမည်မှန်

ဆီဆိုင်မြို့နယ်၊ အထက (နောင်မွန်) Grade-10(A)မှ မောင်စွမ်းပြည့်နောင်၏ အမည်မှန်မှာ မောင်စွမ်းပြည့်လင်း ၉/မထလ(နိုင်)၃၉၂၃၆၉ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ဆီဆိုင်မြို့နယ်၊ အထက (နောင်မွန်) Grade-12မှ မခင်ထွေးဝင်း၏ မိဘအမည်မှန်မှာ ဦးလဖိန်း-ဒေါ်မူလယ် ဖြစ်ပါကြောင်း။

## အစုရှယ်ယာသက်သေခံလက်မှတ်ပျောက်ဆုံးကြောင်း ကြေညာခြင်း

ကျွန်တော် ဦးစိုးဝင်း ၅/အတန(နိုင်)၀၀၄၆၁၁ သည် Myanmar Agro Exchange Public Limited သို့အစုရှယ်ယာ ထည့်ဝင်ထားရာ အဆိုပါ အစုရှယ်ယာရှင် လက်မှတ်မှာ ၂၅-၆-၂၀၂၅ရက်တွင်မှ ပျောက်ဆုံးကြောင်း သိရှိရပါသည်။ ပျောက်ဆုံးကြောင်း ယခုသတင်းစာကြော်ငြာသည့်ရက်မှ (၁၀)ရက်အတွင်း အစုရှယ်ယာလက်မှတ်ကောက်ရခြင်း/လက်ဝယ်ရရှိခြင်းများရှိနေပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပါရန်နှင့် ကျေးဇူးဆပ်ပါမည်ဖြစ်ကြောင်း သတ်မှတ်ရက်ကျော်သွားပါက အစုရှယ်ယာလက်မှတ် အသစ် ထပ်မံလျှောက် ထားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစိုးဝင်း(ဖုန်း-၀၉-၇၉၀၅၈၃၅၈၉)**
**စိန်ပန်း (ဂွမ်းရုံဈေးရပ်)**
**အကွက်(၃၃၇)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၃)**

**သန်လျင်ခရိုင်တရားရုံးတော်**

**၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၀**

**ကွယ်လွန်သူ ဦးစောလှိုင်၌ ကျန်ရစ်သောပစ္စည်းအကြောင်း။**

ဒေါ်မာအေး လျှောက်သူ။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ကရင်ဆိပ်ကျေးရွာနေ ဒေါ်မာအေးက ကွယ်လွန်သူ ဦးစောလှိုင်၏ တရားဝင်သမီး ဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ကရင်ဆိပ်ကျေးရွာနေ ၎င်းကွယ်လွန်သူ ဦးစောလှိုင်မှာ ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးစောလှိုင်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်(၁၃၈၇ခုနှစ်၊ ဝါဆိုလဆုတ် ၁၃ရက်) တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်မာအေး၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သန္တာ)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**သန်လျင်ခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ဆီဆိုင်မြို့နယ်၊ အထက (နောင်မွန်) Grade-6 (B) မှ မနဒီလင်းလက်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ခိုင် ၅/ကဘလ(နိုင်)၂၁၄၆၁၇ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

တောင်ကြီးမြို့၊ အထက (ခွဲ) ထီသိမ်ရွေး(တ) Grade-2 မှ မပြည့်ပြည့်၏ မိဘအမည်မှန်မှာ ဦးစောမင်းထွဋ် ၇/ရတန(နိုင်) ၁၀၈၁၃၉-ဒေါ်စုမြတ်မွန် ၁၃/တကန (နိုင်) ၃၉၇၇၉၅ ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးမျိုးမင်းစိုး၏သား တောင်ကြီးမြို့၊ လမင်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-5 မှ မောင်ဖွဲ့ထက်ဦး၏ အမည်မှန်မှာ စိုင်းဉာဏ်ရောင် ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်၊ ပင်းတယမြို့နယ်၊ အင်းပက်လက်ကျေးရွာနေ ဒေါ်မေသူ၏ ဖခင် ဦးမောင်ရင်(ခ)ဦးအောင်မောင်း ၁၃/ပတယ(နိုင်)၀၂၃၈၃၀သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ အထက ကျောက်ဆောင်စမ်း Grade 8 မှ မောင်စည်သူမောင် ၏ ဖခင် ဦးဝင်းအောင် ၏ အမည်မှန်မှာ ဦးမောင်တူး ၈/ဆပဝ(နိုင်) ၀၇၆၃၉၁ ဖြစ်ပါကြောင်း။

**ဦးမောင်တူး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး ၊ မင်းဘူး(စကု)မြို့နယ်၊ ခိုင်အောင် အခြေခံပညာ ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-12 မောင်ဟိန်းလင်းကို ၏ ဖခင် ဦးခင်မောင်ထွန်း၏ အမည်မှန်မှာ ဦးခင်ထွန်း ၈/မလန(နိုင်)၁၆၃၅၅၇ ဖြစ်ပါကြောင်း။

**ဦးခင်ထွန်း**

## အမည်ပြောင်း

ပုဗ္ဗသီရိမြို့နယ်၊ ရင်သွေးပျိုးခင်း ကိုယ်ပိုင်အလယ်တန်းကျောင်းမှ (ဘ)ဦးဘုန်းဖြိုးအောင် (မိ)ဒေါ်သင်းသဇင်ဝင်းတို့ ၏ သား GRADE-5 မှ မောင်ကောင်းခန့်ညီအား မောင်ကောင်းခန့်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/5934 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၇၅၃၀၈, Honda Wave-100, M/C ယာဉ် လက်ဝယ်ရှိသူ ဦးအောင်ထက်ပိုင် ၆/မမန(နိုင်)၁၇၉၆၂၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၉၈၀၆၉ , Honda Wave-100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်းထွန်း ၆/မမန (နိုင်)၁၆၁၉၃၁က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅) အနော်ရထာလမ်း၊ မြေကွက်အမှတ် (၁၂၂၂ + ၁၂၂၃)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)စီရှိ ဦးစိုးမြင့်သိန်း (၁၂/သဃက (နိုင်) ၀၃၀၉၂၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် (၂)ကွက်နှင့်ယင်းမြေကွက် (၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ငွေငွေဝင်း (၁၂/ဥကတ (နိုင်) ၀၁၇၆၇၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဦးတင်အေးလမ်း၊ တိုက်အမှတ် (၉၉၇)၊ အခန်း (မြေညီထပ်) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၇ပေ × ၄၂ပေ)ရှိ တိုက်ခန်းနှင့် မြေပိုင်ဆိုင်ခွင့် အခွင့်အရေးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်သော ဒေါ်သော်သော်ဝင်း (၁၂/စခန (နိုင်) ၀၀၁၀၆၄)နှင့် ဦးဉာဏ်လင်းထွန်း (၁၂/ဒဂမ (နိုင်) ၀၁၀၅၂၅) တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၂)ရန်ကုန်
### ပြင်ပဆရာဝန်များအတွက်ဘွဲ့လွန်ဒီပလိုမာသင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၂)ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ ပြင်ပဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာ Dip.Med.Sc (Family Medicine) | ၁ နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာ သင်တန်းအတွက် လက်ရှိတရားဝင် ဆရာဝန်မှတ်ပုံတင်အမှတ် (ဆမ)နှင့် အထွေထွေဆေးကုသခွင့် လိုင်စင်သက်တမ်း(၂)နှစ်ပြည့်ပြီး သက်တမ်းတိုး ကိုင်ဆောင်ထားသူ M.B.,B.S (သို့မဟုတ်) မြန်မာနိုင်ငံ ဆေးကောင်စီမှအသိအမှတ် ပြုထားသောအလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဂ) အသက်သတ်မှတ်ချက်မရှိပါ။

(ဃ) သတ်မှတ်ထားသောသင်တန်းကြေးများကိုပေးသွင်းရမည်။

(င) သတ်မှတ်ထားသောသင်တန်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ(၂၉.၈.၂၀၂၅)ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။ လျှောက်လွှာများကိုပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်သို့ လိပ်မူ၍ ငွေသွင်းချလန်မူရင်းနှင့်အတူ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ (၁၇-၁၀-၂၀၂၅) ရက် (သောကြာနေ့) ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေးကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်း)တိတိကို ဆေးတက္ကသိုလ်(၂)ရန်ကုန် မြန်မာ့စီးပွားရေးဘဏ် မြောက်ဥက္ကလာပဘဏ်ခွဲ၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၂၃၃သို့ ပေးသွင်းရမည်။

**(မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ မြောက်ဥက္ကလာပဘဏ်ခွဲ၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ ငွေစာရင်းအမှတ် MD-၀၁၀၂၃၃ သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်းပေးသွင်းနိုင်ပါသည်။)

၇။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဖုန်းနံပါတ်- (၀၉-၆၈၇၀၀၇၇၂၇၊ ၀၉-၆၈၇၆၀၈၆၈၂)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်)ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ Website: https://www.um2ygn.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၂)ရန်ကုန်**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၈)ရပ်ကွက်၊ နဝဒေးလမ်းနေ ဦးလှရွှေ-ဒေါ်ရဲမြင့်မှ အမှတ်(၈)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၁၂-E)၊ တုံးလှဲ၊ ဦးပိုင်အမှတ်(၇+၈+၉)၊ ဧရိယာ(၁ဒသမ၀၁၁)ကေရှိ ဘိုးဘပိုင်မြေအား သားသမီးများဖြစ်ကြသော ဦးစိုးလွင်၊ ဒေါ်မျိုးမျိုးအေး၊ ဒေါ်မြတ်သက်မွန်တို့အား မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၃/၂၀၂၅ဖြင့် ပေးကမ်းခဲ့ပါသည်။ ဦးစိုးလွင်၊ ဒေါ်မျိုးမျိုးအေး၊ ဒေါ်မြတ်သက်မွန်တို့မှ ၎င်းဘိုးဘပိုင်မြေအား အမည်ပြောင်းလျှောက်ထားခြင်းကို ကန့်ကွက်လိုသူများရှိပါက ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**မော်လမြိုင်ကျွန်းမြို့နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်ကျွန်းမြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၆၇၉/လှေကူးကွေ့ကြီး)၊ ဦးပိုင်အမှတ် (၁၀-ခ)၊ ဧရိယာ (၀.၁၈၄)ကေရှိ မြေကွက်သည် အမှုတွဲအမှတ်၊ ၂၅၁/၁၉၉၅ အရ ဒေါ်စန်းစန်းဌေး အမည်ဖြင့် (၁၅-၁၂-၁၉၉၅ ရက်မှ ၁၄-၁၂-၂၀၂၅ ရက်ထိ) နှစ်(၃၀)မြေငှားဂရန် ရရှိထားသောမြေ ဧရိယာ(၀.၈၂၀)ကေ အနက်မှ ဧရိယာ(၀.၁၈၄)ကေကို အမှုတွဲအမှတ် ၅၉ V ၂၀၁၀ အရ ဒေါ်ခင်သန်းညို အမည်သို့ (၁၀-၂-၂၀၁၁) ရက်မှစ၍ ခွဲစိတ်အမည်ပြောင်း ထုတ်ပေးထားရှိသောမြေဖြစ်ပြီး အဆိုပါ မြေငှားစာချုပ်မှာ (၁၄-၁၂-၂၀၂၅) ရက်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်၍ ဒေါ်ခင်သန်းညို အမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၃၀-၆-၂၀၂၅)ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် သက်တမ်းတိုးခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၆၇၉/လှေကူးကွေ့ကြီး)၊ ဦးပိုင်အမှတ် (၁၀-ဃ)၊ ဧရိယာ (၀.၁၉၀)ကေရှိ မြေကွက်သည် အမှုတွဲအမှတ် ၃၉၅ V ၂၀၀၇-၂၀၀၈ အရ ဒေါ်ခင်သန်းညို အမည်ဖြင့် (၁၅-၁၂-၁၉၉၅ ရက်မှ ၁၄-၁၂-၂၀၂၅ ရက်ထိ) နှစ်(၃၀)မြေငှားဂရန် ရရှိထားသော မြေဖြစ်ပြီး အဆိုပါမြေငှားစာချုပ်မှာ (၁၄-၁၂-၂၀၂၅) ရက်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်၍ ဒေါ်ခင်သန်းညိုအမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၃၀-၆-၂၀၂၅)ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၅၆

၁။ ဒေါ်နန်းခမ်းအေး နှင့် ဦးထွန်းရွှေ
၂။ ဒေါ်နန်းအေးစံ

**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၅၈-၅၉လမ်းကြား၊ ၁၃၀-၁၃၁လမ်းကြားနေ ဦးထွန်းရွှေ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းခမ်းအေးနှင့် ဒေါ်နန်းအေးစံတို့က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၈ခ-၂၃)၊ ဦးပိုင်အမှတ်(၄၇)၊ ဧရိယာ(၀ဒသမ၀၆၂)ကေ အကျယ်အဝန်းရှိ ဦးထွန်းရွှေအမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၁၀ရက် (၁၃၈၇ခုနှစ်၊ ဝါဆိုလဆုတ် ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇွန်လ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အင်ကြင်းဖူး)
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

---

## အမည်ပြောင်း

ဦးဌေးလွင် ၁၄/ပတန (နိုင်) ၀၂၃၂၀၀၏သား ရော၀တီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ကသဩဝင်ကျေးရွာအုပ်စု၊ ငွေသောင်ယံကျေးရွာနေ မောင်ကိုဒွေးအား မောင်ကောင်းထက်စိုးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းထက်စိုး**

---

## မိဘအမည်မှန်

ကျိုင်းတုံမြို့၊ အမက(၁) Grade-5 မှ မအေမေဝမ်၏ မိဘအမည်မှန်မှာ ဦးယာရှာ ၁၃/ ကတန(နိုင်)၀၃၄၅၁၆နှင့် ဒေါ်အားဘေ့ ၁၃/ကတန(နိုင်) ၀၃၄၁၉၄ ဖြစ်ပါကြောင်း။

---

## မိခင်အမည်မှန်

မြောင်းမြမြို့၊ အထက(၂) G-12 (STAMS-1)၊ ကျောင်းဝင် အမှတ် (၁၁၈၁၅)စောကဲဘလုမူး၏ မိခင်အမည်မှန်မှာ နော်အဲန်းဂျလင်း ၁၄/မမန(နိုင်)၁၇၃၂၉၉ ဖြစ်ပါကြောင်း။

**နော်အဲန်းဂျလင်း**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကြာဘက်ကုန်းကျေးရွာအုပ်စု၊ ကြာဘက်ကုန်းကျေးရွာတွင် နေထိုင်သည့် မောင်မျိုးလှိုင်ဝင်း ၉/သစန(နိုင်)၁၅၉၇၀၃ ၏ မိခင်ဖြစ်သူ ဒေါ်မကြီး (ခ)ဒေါ်ကြီး ၉/သစန(နိုင်)၁၁၆၅၉၉မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မကြီး(ခ)ဒေါ်ကြီး**
**၉/သစန(နိုင်)၁၁၆၅၉၉**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်(၁၂)ရပ်ကွက်၊ ဇေယျဝတီ(၁)လမ်း၊ တိုက်အမှတ်-၂၄၉၈/က၊ မြေညီထပ်တိုက်ခန်းအပါအဝင် အဆိုပါတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးစန္ဒာသောင်း (၁၄/ဟသတ(နိုင်) ၃၀၁၇၆၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်နောင် (၁၂/သဃက(နိုင်) ၂၂၀၅၇၂)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင် ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)** |

**ဒေါ်သိမ့်သဥ္ဇလီ (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၅၆၈၈၇)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

